ဗာဟုသစ္စဥ္စ သိပ္ပဉ္စ ဝိနယော စ သုသိက္ခိတော၊ သုဘာသိတာ စ ယာ ဝါစာ - (banner)

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီ ၁၈ ရက်၊ တနင်္ဂနွေ၊ အတွဲ(၄၁)၊ အမှတ်(၁၁၁)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ ကမာရွတ်မြို့နယ် မြကန်သာ (၂)လမ်းနေ World Peace IT Co.,ဥက္ကဋ္ဌ ဦးမောင်မောင်လှိုင်-ဒေါ်ဝါဝါထွန်းမိသားစုတို့က ဆဋ္ဌသင်္ဂါယနာတင် ပိဋကတ်တော်ရဒ္ဒကနိကာယ်ဝင် အဘိဓမ္မာပိဋကဝိဘင်္ဂပါဠိတော် (မြန်မာပြန်)ဒုတိယတွဲစာအုပ် အုပ်ရေ ၁၀၀၀ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တိပိဋကဓရရွေးချယ်ရေးဩဝါဒါစရိယဆရာတော်ကြီးများအားဖူးမြော် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၈

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်သို့သွားရောက်၍ (၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီး၏ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် စာဖြေသံဃာတော်များအားဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများလိုက်ပါလျက် မွန်းလွဲ ၂နာရီခွဲတွင် ကမ္ဘာအေးကုန်းမြေရှိ (၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးကျင်းပနေသည့် ဝိဇယမင်္ဂလာဓမ္မသဘင်သို့ရောက်ရှိလာရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံးမောင်၊ သာသနာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဓမ္မာစရိယတက္ကသိုလ် အလိုတော်ပြည့်ကျောင်းတိုက်(ရန်ကုန်) အာဟာရသုခ ဆွမ်းစားကျောင်းဆောင်ကြီးဖွင့်ပွဲနှင့် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားတွင် မင်္ဂလာကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဓမ္မာစရိယတက္ကသိုလ်အလိုတော်ပြည့်ကျောင်းတိုက်(ရန်ကုန်) အာဟာရသုခဆွမ်းစားကျောင်းဆောင်ဖွင့်ပွဲ ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနား နိုင်ငံတော်ဝန်ကြီးချုပ်တက်ရောက်ကြည်ညို မင်္ဂလာကမ္ပည်းမော်ကွန်းကျောက်စာ စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ရန်ကုန် ဇန်နဝါရီ ၁၈

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဓမ္မာစရိယတက္ကသိုလ် အလိုတော်ပြည့်ကျောင်းတိုက်(ရန်ကုန်)၌ကျင်းပသည့် အာဟာရသုခ ဆွမ်းစားကျောင်းဆောင်ကြီးဖွင့်ပွဲနှင့် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညို၍ မင်္ဂလာကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗဟန်းမြို့နယ် အောင်မြေဘုံစံကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ တိပိဋကဓရရွေးချယ်ရေးဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌ မော်လမြိုင်မြို့ သာသနာ့မာရ်အောင်ဝဲပျံကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိဇယာဘိဝံသ၊ ဓမ္မာစရိယတက္ကသိုလ် အလိုတော်ပြည့်ကျောင်းတိုက်(ရန်ကုန်) ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ အရိယာဘိဝံသအမှူးပြုသော ဆရာတော် သံဃာတော်များနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အလှူရှင်များ၊ ဓမ္မာစရိယတက္ကသိုလ် အလိုတော်ပြည့်ကျောင်းတိုက်(ရန်ကုန်) ဥပဋ္ဌာကအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ❀

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်)

နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ လက်တွဲကြိုးပမ်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့်တိုးတက်

နိုင်ငံတော်အစိုးရသည် ပြည်နယ်၊ တိုင်းဒေသများအားလုံး ဟန်ချက်ညီညီ မျှတစွာဖွံ့ဖြိုးတိုးတက်စေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးတက်ဖြစ်ထွန်းစေရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇန်နဝါရီလ ၁၇ ရက်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်း ဝန်ကြီးများရုံးရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး(၁/၂၀၀၄)သို့ တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင်-

"မိမိတို့အစိုးရက နိုင်ငံတော်တာဝန်ကို ယူခဲ့ရသည့်အချိန်တွင် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ခိုင်ခိုင်မြဲမြဲတည်ဆောက်နိုင်မှသာ တိုင်းပြည် တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဆိုသည့် ခံယူချက်ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ရရှိဖြစ်ထွန်းအောင် အပြန်အလှန် နားလည်စာနာမှု၊ အပြန်အလှန် ကြည်ဖြူခွင့်လွှတ်မှုတို့ကို အခြေခံပြီး ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံတော်၏ စိတ်စေတနာအမှန်ကို သိမြင်သည့် တိုင်းရင်းသားအဖွဲ့အစည်း အများစုသည် နိုင်ငံတော်အစိုးရနှင့်လက်တွဲပြီး ဒေသဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်လာကြသည့်အတွက် ယခုဆိုလျှင် နယ်စပ်ဒေသများအားလုံးနီးပါး တည်ငြိမ်အေးချမ်းပြီး မြို့ကြီးပြကြီးများနှင့်မခြား တိုးတက်ဖွံ့ဖြိုးနေတာ အားလုံးအသိအမြင်ပဲ ဖြစ်ကြောင်း" ပြောကြားသွားသည်။

နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ၁၉၈၉ ခုနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာတွင် ပထမပိုင်း၌ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည့် တိုင်းရင်းသားအဖွဲ့အစည်းများ၏ ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားများ လူနေမှုဘဝ အဆင့်အတန်းမြင့်မားရေးအတွက် ဆောင်ရွက်ခဲ့ရာ မျှော်မှန်းသည်ထက် ပိုမိုအောင်မြင်မှုရခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး နိုင်ငံတော်အတွင်း တည်ရှိပြီးဖြစ်သည့် ပြည်နယ်နှင့်တိုင်း ၁၄ ခုစလုံး အကြားအလပ်မရှိ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအပြင် ဖွံ့ဖြိုးရေး အထူးဒေသကြီး ၂၄ ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် စီမံကိန်းများကိုပါ ထပ်ဆောင်းချမှတ်ပြီး တစ်ဆက်တစ်စပ်တည်း ဆက်လက် အကောင်အထည်ဖော်လျက်ရှိသည်။

ထို့ပြင် အချက်အချာကျသော ဒေသများတွင် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးမွေးမြူရေး စသည့် ဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံလိုအပ်ချက်များကို ဦးစားပေးဖြည့်ဆည်းပေးလျက်ရှိသည်။

နယ်စပ်ဒေသများ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က ၁၉၈၉-၉၀ ဘဏ္ဍာရေးနှစ်မှ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ငွေကျပ်သန်းပေါင်း ၅၀၂၄၅ သန်းနှင့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၅၀၆ သန်း ကျခံသုံးစွဲခဲ့သည်။ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်သည်နှင့်အမျှ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုတည်တံ့ခိုင်မြဲရေး ပိုမိုဖြစ်ထွန်းစေမည် ဖြစ်သည်။

သို့ဖြစ်ရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီက ချမှတ်ပေးသည့် မူဝါဒလမ်းညွှန်ချက်များအပေါ် လုပ်ငန်းကော်မတီ၊ ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများ၊ လုပ်ငန်းဆပ်ကော်မတီများနှင့် ဝန်ကြီးဌာနအသီးသီးတို့၏ ဟန်ချက်ညီညီ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးမှုနှင့် တိုင်းရင်းသား ညီအစ်ကိုများကလည်း နိုင်ငံတော်အစိုးရနှင့်လက်တွဲပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ခဲ့မှုကြောင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းနေကြောင်း ရေးသားလိုက်ရပါသည်။ ။

သမဝါယမ ထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော် ၂၀၀၄ တွင် မြန်မာ့တီထွင်သူများ သမဝါယမအသင်း၏ တီထွင်ဆန်းသစ်ထားသည့် စက်ပစ္စည်းများကို ပွဲတော်လာ ပြည်သူများက စိတ်ဝင်တစား ကြည့်ရှုလေ့လာကြစဉ်။
(က-ပ)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မန္တလေးမြို့ ဘုရားကြီးတိုက် နယားကျောင်းဆရာတော်အား ဖူးမြော်ကြည်ညို

ရန်ကုန် ဇန်နဝါရီ ၁၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၆ ရက် ညနေ ၄ နာရီခွဲတွင် မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိပြီး ဆေးရုံကြီး၌ ဆေးဝါးကုသမှု ခံယူလျက်ရှိသော သက်တော် (၉၄)နှစ်၊ သိက္ခာတော် (၇၄)ဝါရှိ မန္တလေးမြို့ ဘုရားကြီးတိုက် နယားကျောင်းဆရာတော် နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တမေဓိယာဘိဝံသအား ဖူးမြော်ကြည်ညို၍ ကျန်းမာရေးအခြေအနေများကို မေးမြန်းလျှောက်ထားပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ **(သတင်းစဉ်)**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား လူမှုဝန်ထမ်းဦးစီးဌာန လူငယ်သင်တန်းကျောင်းများ အတွက် ဦးတင်လှနှင့်ဇနီး သီရိသုဓမ္မ သီင်္ဂီ ဒေါ်အေးအေးကြည်တို့က ပေးအပ်လှူဒါန်းသောအလှူငွေကျပ် ၃၅ သိန်းကို လက်ခံယူစဉ်။
(လူမှုဝန်ထမ်း)

လူငယ်သင်တန်းကျောင်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း ဝန်ကြီးဗိုလ်ချုပ်စိန်ထွား တက်ရောက်၊ အလှူငွေလက်ခံ

ရန်ကုန် ဇန်နဝါရီ ၁၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန လူငယ်သင်တန်းကျောင်းများအတွက် အလှူငွေပေးအပ်ပွဲနှင့် ဒုတိယအကြိမ် အာဆီယံနိုင်ငံများဆိုင်ရာ မသန်စွမ်းအားကစားပြိုင်ပွဲများတွင် အနိုင်ရရှိကြသော အားကစားသမားများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက အလှူရှင်များနှင့် အောင်ပွဲရ အားကစားသမားများအား ဂုဏ်ပြုအမှာစကား ပြောကြားပြီးနောက် လူမှုဝန်ထမ်းဦးစီးဌာန လူငယ်သင်တန်းကျောင်းများအတွက် ရွှေပုစွန်မိသားစုက အလှူငွေကျပ် ၁၅ သိန်း၊ ဦးတင်လှနှင့်ဇနီး သီရိသုဓမ္မသီင်္ဂီ ဒေါ်အေးအေးကြည်တို့က အလှူငွေကျပ် ၃၅ သိန်း၊ Ruby Dragon Jade and Gems Co., Ltd.မှ ဦးနေဝင်းထွန်း-ဒေါ်နန်းအေးအေးမြင့် မိသားစုက အလှူငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းပြီး အောင်ပွဲရ မသန်စွမ်းအားကစားသမားများအတွက် ဦးမြစိုး (ဒို့ရွှေပြည်ဆောက်လုပ်ရေး)က အလှူငွေကျပ် တစ်သိန်း၊ AAR (Japan)က အလှူငွေကျပ် ငါးသောင်း၊ မဏ္ဍိုင် ဒီဇယ်ပန့်နှင့်နော်ဇယ်ပြုပြင်ရေးက အလှူငွေကျပ် ငါးသောင်း၊ ဦးခိုင်ထွန်းလွင် (Delta Combine Co., Ltd.)က အလှူငွေကျပ် ငါးသောင်း၊ ဦးကြည်သိန်း (Fudak Co.)က အလှူငွေကျပ် ငါးသောင်း၊ Hyphens Association က အလှူငွေကျပ် သုံးသောင်းနှင့် ဦးမြင့်သန်း (ကန်ထရိုက်တာ)က အလှူငွေကျပ် ငါးထောင်တို့ကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက ဒုတိယအကြိမ် အာဆီယံနိုင်ငံများဆိုင်ရာ မသန်စွမ်းအားကစားပြိုင်ပွဲတွင် မီတာ ၂၀၀၊ မီတာ ၁၀၀ နှင့် မီတာ ၅၀ ရင်ပေါင်တန်း ရေကူးပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆု သုံးခု ဆွတ်ခူးရရှိခဲ့သော ဦးမြခိုင်(လူမှုဝန်ထမ်းဦးစီးဌာနရုံးချုပ်)၊ အမျိုးသမီး လုံတံပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုနှင့် သံလုံးပစ်ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိခဲ့သော ဒေါ်ညွန့်ညွန့်ဝင်း (မသန်စွမ်းသက်ကြီးသင်တန်းကျောင်း)နှင့် မျက်မမြင် မီတာ ၁၀၀ ပြေးပွဲတွင် ငွေတံဆိပ်ရရှိခဲ့သော ဦးအောင်လွင်ဦး (ကြည့်မြင်တိုင် မျက်မမြင်ကျောင်း)တို့အား ဂုဏ်ပြုဆုများ ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အပ်ချုပ်မျှင်ဆရာတော် ဝိဇာတမင်္ဂလာကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၈

ကမ္ဘာ့ဗုဒ္ဓသာသနာပြု မိုးကုတ် ဓမ္မကထိက အရှင်ဝိမလဝံသ (ရွှေသိဒ္ဓိအောင်) အပ်ချုပ်မျှင်ဆရာတော်၏ သက်တော်(၄၀)ပြည့် ဝိဇာတမွေးနေ့ အလှူမင်္ဂလာပွဲကို ဇန်နဝါရီ ၂၆ ရက် (တနင်္လာနေ့)နံနက်တွင် ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် သာယာရေကျော်ကျေးရွာ ရွှေသိဒ္ဓိအောင် ရွှေကျောင်းတော်ကြီးတွင် ကျင်းပမည်ဖြစ်သည်။ ဇန်နဝါရီ ၂၅ရက် ညဉ့်လည်း ဆီမီး ၉၀၀၀ ပူဇော်ပြီး ထမနဲပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

သုတေသနလုပ်ငန်းများကို ပိုမိုအလေးပေးလုပ်ကိုင်သင့်

အောင်မိုးခံ

နိုင်ငံထူထောင်ရာတွင် စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ယဉ်ကျေးမှုစသော နယ်ပယ်အသီးသီး၌ သုတေသနလုပ်ငန်းများ ထွန်းကားတိုးတက်လာရန် မဖြစ်မနေလိုအပ်သည်။ နိုင်ငံတကာတွင် ခေတ်မီဖွံ့ဖြိုး တိုးတက်လာသော နိုင်ငံများကို လေ့လာပါက သုတေသနလုပ်ငန်းများအပေါ် အကြောင်းပြု၍ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို တွေ့ရပါသည်။

မြန်မာမှုတွင် သုတေသနဟူသော စကားလုံးသည် ပါဠိစကားဖြစ်၍ မြန်မာအဘိဓာန်ကျမ်းအလိုအရ တစ်စုံတစ်ရာကို ခြေခြေမြစ်မြစ်သိရှိရန် စုံစမ်းရှာဖွေခြင်းဟုဆိုပါသည်။ အင်္ဂလိပ်အဘိဓာန်တွင် Research careful study or investigation, in order to discover. ဟူ၍ဖော်ပြထားပါသည်။

ယနေ့ကာလကဲ့သို့ ဈေးကွက်စီးပွားရေးနှင့် ပါတီစုံဒီမိုကရေစီစနစ်သို့ ပြောင်းလဲလာသော မြန်မာနိုင်ငံတွင် နိုင်ငံတော်အကြီးအကဲ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပညာရှင်များကို သုတေသနလုပ်ငန်းများ လုပ်ဆောင်ကြရန် အခါမလပ်လမ်းညွှန်လေ့ရှိပါသည်။ သဘာဝသိပ္ပံတွင် သဘာဝတရားများက ထိန်းကျောင်းအုပ်စိုးနေသကဲ့သို့ လူမှုသိပ္ပံ(Social Science)တွင်လည်း လူမှုဖြစ်ပေါ်ရေးတရားများက ပြဋ္ဌာန်းစိုးမိုးလျက်ရှိပါသည်။ သဘာဝ တရားများကို ဖော်ထုတ်တွေ့ရှိခြင်းဖြင့် တိကျသောအဖြေများ ထုတ်ယူနိုင်သကဲ့သို့ လူမှုသိပ္ပံတွင်လည်း လူမှုဖြစ်ပေါ်တိုးတက်ရေးတရားများကို ရှာဖွေဖော်ထုတ်ခြင်းဖြင့် တိကျသောအဖြေများ ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ လူ့အဖွဲ့အစည်း တစ်ရပ်၏ ဖြစ်ပေါ်တိုးတက်မှု၊ ဆုတ်ယုတ်ကျဆင်းမှုများကို နိုင်ငံတကာ သုတေသီများကလည်း လူမှုသိပ္ပံနည်းဖြင့် ရှာဖွေဖော်ထုတ်လျက်ရှိကြပါသည်။ ဒုတိယကမ္ဘာစစ်နောက်ပိုင်း မြန်မာနိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲမှုများကို လေ့လာမည်ဆိုပါလျှင်လည်း ယခုကဲ့သို့ အနှစ်ချုပ်လေ့လာတွေ့ရှိနိုင်ပါသည်။

(၁) တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြိုကွဲပြီး တိုင်းရင်းသားချင်း လက်နက်ကိုင် ပဋိပက္ခမီးလောင်ကျွမ်းခဲ့မှု၊

(၂) ဖဆပလခေတ်တွင် ပြည်ပဆန်စပါးတင်ပို့မှုကို နိုင်ငံတော်က ချုပ်ကိုင်၍ ပြည်တွင်းတွင် တောင်သူလယ်သမားများထံမှ ကမ္ဘာ့ပေါက်ဈေးထက် များစွာဈေးနှိမ်ဝယ်ယူခဲ့မှုကြောင့် မြန်မာ့လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတားအဆီးတစ်ရပ် ဖြစ်ခဲ့မှု၊

(၃) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင်မှ စီးပွားရေးလုပ်ငန်းအဝဝကို နိုင်ငံတော်က ချုပ်ကိုင်ထားခဲ့သောကြောင့် အိမ်နီးချင်းအာရှနိုင်ငံများထက် ဖွံ့ဖြိုးမှုတွင် နောက်ကျကျန်ခဲ့ရမှု၊

(၄) ယနေ့ တပ်မတော်အစိုးရလက်ထက်တွင် ကမ္ဘာ့ပြုပြင် ပြောင်းလဲရေး ရေစီးကြောင်းထဲသို့ ပြောင်းလဲဝင်ရောက်လာပြီ ဖြစ်သဖြင့် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးမှု၊ ပါတီစုံထူထောင် ခွင့်ပြုမှု၊ ပါတီစုံရွေးကောက်ပွဲကျင်းပပေးခဲ့မှု၊ အမျိုးသားညီလာခံ ခေါ်ယူကျင်းပပေးမှုနှင့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍ တံခါးဖွင့် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးမှုများကို ကြိုးပမ်းထူထောင် လာခဲ့ပြီ ဖြစ်ပါသည်။

ထိုသို့ တံခါးဖွင့်ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးလာသော ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ လူမျိုးရေး၊ ဘာသာရေးမတည်ငြိမ်မှုများ ကြုံတွေ့ရလေ့ရှိပါသည်။ စီးပွားရေးတွင် ကုန်ဈေးနှုန်းမြင့်တက်မှု၊ ငွေဖောင်းပွမှု၊ အတိတ်က နိုင်ငံပိုင်စီးပွားရေး ကုန်ထုတ်လုပ်ငန်းဟောင်းများက အဆင့်မြင့်ခေတ်သစ်ကုန်ထုတ်လုပ်ငန်းများကို ယှဉ်ပြိုင်နိုင်စွမ်းမရှိသောကြောင့် အရှုံးပေါ်မှုများလည်း ကြုံရပါသည်။ နိုင်ငံရေးတွင်လည်း အာဏာခွဲရေး၊ အာဏာလွှဲရေး၊ တိုင်းရင်းသားလူမျိုးစုတို့အရေးစသော မတည်ငြိမ်မှုများ ကြုံရတတ်ပါသည်။ လူမှုရေးတွင်လည်း ဘာသာရေး၊ လူမှုရေးပဋိပက္ခများ ကြုံရတတ်ပါသည်။ ဤဖြစ်ရပ်များသည် ဈေးကွက်စီးပွားရေးစနစ်သို့ ကူးပြောင်းလာသော အရှေ့ဥရောပ ဆိုရှယ်လစ်နိုင်ငံဟောင်းအချို့တွင် ကြုံတွေ့ခဲ့ ကြုံတွေ့ဆဲဟုဆိုနိုင်ပါသည်။ အာရှတိုက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အသွင်ကူးပြောင်းရေးသည် ထိုသို့မဟုတ်ဘဲ တည်ငြိမ်စွာကူးပြောင်းနေသည်ကို အတုယူဖွယ်ရာပင်ဖြစ်ပါသည်။ ထို့ကြောင့်လည်း တရုတ်ပြည်ဈေးကွက်ကြီး စည်ပင်လာခဲ့ပါသည်။ ကမ္ဘာတွင် အမေရိကန်ပြီးလျှင် ပြည်ပရင်းနှီးမြှုပ်နှံမှု အများဆုံးနိုင်ငံ ဖြစ်လာသည်။ လူဦးရေများသော ဈေးကွက်ကြီးတစ်ခု ဖြစ်လာခဲ့ပါသည်။ ကျွန်တော်တို့မြန်မာနိုင်ငံသည်လည်း ၁၉၈၈ ခုနှစ် အရေးအခင်းကို လွန်မြောက်ပြီးနောက် တည်ငြိမ်စွာ အသွင်ကူးပြောင်းနေသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။

ထိုသို့ အသွင်ကူးပြောင်းလာနိုင်ခြင်းမှာလည်း တပ်မတော် အစိုးရသည် အမျိုးသားသင့်မြတ်ရေးနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အထူးအလေးပေးကြိုးပမ်းလာ၍ ဖြစ်ပါသည်။ ထို့ကြောင့်လည်း ယခင်အစိုးရ အဆက်ဆက်တို့ ဆောင်ရွက်နိုင်စွမ်းမရှိခဲ့သည့် နှစ်ကြာရှည်စွာ အစိုးရ အဆက်ဆက်ကို ပုန်ကန် ခြားနားလာခဲ့သော လူမျိုးစု တောတွင်းလက်နက်ကိုင် အဖွဲ့ ၁၇ ဖွဲ့တို့ အတိုက်အခိုက်ရပ်စဲ၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လက်တွဲလာခြင်းဖြစ်ပါသည်။ လက်ရှိဥပဒေတွင်း နိုင်ငံရေးတင်းမာမှုများကိုလည်း အမျိုးသား သင့်မြတ်စည်းလုံးရေးအတွက် ညှိနှိုင်းဆွေးနွေးနေပြီဖြစ်ပါသည်။ အမျိုးသားရေးပြဿနာများကို ငြိမ်းချမ်းစွာ တွေ့ဆုံဆွေးနွေးဖြေရှင်းရေး အစဉ်အလာကောင်းများကို ကျင့်သုံးလာနိုင်ခဲ့ခြင်းလည်း ဖြစ်ပါသည်။ အမျိုးသားရေးအကျိုးအတွက် လွန်စွာသင့်မြတ်မှန်ကန်သော ဖြေရှင်းနည်းလည်းဖြစ်ပါသည်။

ယနေ့ကမ္ဘာနှင့်အဝန်း ပြောင်းလဲလာသော ဈေးကွက်စီးပွားရေးနယ်ပယ်သည် တော်သူကယ်၊ မတော်သူပယ် အပြိုင်ကြဲရသော ခေတ်ကာလမျိုး ဖြစ်ပါသည်။ စီးပွားရေးအကျိုးစီးပွားရေးကိုသာ ရှေ့တန်းတင် လုပ်ကိုင်ကြသော ကာလမျိုးလည်းဖြစ်ပါသည်။ သို့ပါ၍ ဈေးကွက်စီးပွားရေးနယ်ပယ်သို့ ဝင်ရောက်လာသော မြန်မာနိုင်ငံအဖို့လည်း ပြည်တွင်း အမျိုးသားရေးအင်အားစုများ ညီညာဖြဖြ စည်းလုံးညီညွတ်စွာဖြင့် တက်ညီလက်ညီ နိုင်ငံတော်အကျိုးအတွက် ဆောင်ရွက်သွားဖို့ရာ လိုအပ်နေချိန်လည်းဖြစ်ပါသည်။ အထူးသဖြင့် နိုင်ငံတော်၏ စီးပွားရေး ကုန်ထုတ်စွမ်းအားစုများ ဖွံ့ဖြိုးတိုးတက်လာမှသာ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ဥပဒေရေး၊ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးများ လိုက်ပါပြောင်းလဲ တိုးတက်မည်ဖြစ်ပါသည်။ လူမှုတော်လှန်ရေးများသည် စီးပွားရေးတော်လှန် ပြောင်းလဲမှုဖြင့်သာ စတင်လေ့ရှိသည်။ လူ့သမိုင်းဖြစ်ပေါ်တိုးတက်မှုသည်လည်း လူများ၏ စားဝတ်နေရေး ကုန်ထုတ်လုပ်မှု တိုးတက်ဖြစ်ပေါ်ရေးသမိုင်းသာ ဖြစ်ပါသည်။ လူ့အဖွဲ့အစည်း၏ နှလုံးသည်းပွတ်သည် စီးပွားရေး၊ ကုန်ထုတ်လုပ် ရေးဖြစ်သောကြောင့် စီးပွားရေး၊ ကုန်ထုတ်လုပ်ရေးများ ဖွံ့ဖြိုးလျှင် ဖွံ့ဖြိုးသလောက် အခြားသော လူမှုနယ်ပယ်များလည်း ဝေဆာဖွံ့ဖြိုးလာလေ့ရှိသည်ဟု ခေတ်သစ် သိပ္ပံ နိုင်ငံရေးဘောဂဗေဒကဆိုပါသည်။ လူ့အဖွဲ့အစည်းတစ်ရပ်တွင် စီးပွားရေး အခက်အခဲများကို လွန်မြောက်နိုင်ရေးသည် အခြေခံအကျဆုံး ပြဿနာ ဖြစ်ပါသည်။

ယခုကဲ့သို့ မြန်မာနိုင်ငံအပေါ် အမေရိကန်နှင့် အနောက်အုပ်စုအပေါင်းပါတို့က စီးပွားရေးပိတ်ဆို့ထားချိန်တွင် ပုဂ္ဂလိကဘဏ်အချို့ ငွေကြေးပြဿနာ ပေါ်ခဲ့ပါသည်။ အကျိုးဆောင်ကုမ္ပဏီအချို့ကြောင့်လည်း ငွေကြေးပြဿနာ ဖြစ်ခဲ့ပါသည်။ အခုလိုပြည်တွင်းငွေကြေးပြဿနာများသည် မြန်မာနိုင်ငံတွင်သာမက အခြားသော စက်မှုဖွံ့ဖြိုးပြီးနှင့် စက်မှုထွန်းသစ်စ နိုင်ငံများတွင်လည်း ကြုံရတတ်ပါသည်။ ၁၉၉၇–၉၈ခုနှစ်တွင် အာရှငွေကြေး အကျပ်အတည်းကြီး ကြုံခဲ့သဖြင့် စုပေါင်းလုံ့လပြု ကြိုးပမ်းလွန်မြောက်ခဲ့ရပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် လက်ရှိစီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးစသော အခက်အခဲများကို ဖြေရှင်းလွန်မြောက်သွားရေးအတွက် ရှေ့လုပ်ငန်းစဉ် ခုနစ်ရပ်ကို ချမှတ်အကောင်အထည်ဖော်နေပြီဖြစ်ပါသည်။ ပြဿနာပေါ်ပေါက်လာခြင်းသည် အဓိကမဟုတ်၊ ပြဿနာဖြေရှင်းနည်း မှန်/မမှန်ဆိုသည်ကသာ ပြဿနာကိုယ်တိုင်၏ ကောင်းကျိုးဆိုးပြစ်ကို အဆုံးသတ်ပေးနိုင်သည်ဟု လူမှုသိပ္ပံတရားကဆိုပါသည်။ပြဿနာဖြေရှင်းနည်းမှန်ဖို့သာအဓိကဖြစ်ပါသည်။ယခုကဲ့သို့ နှောင်းခေတ် အီလက်ထရွန်နစ် နည်းပညာခေတ်ကြီးတွင် ပေါ်ပေါက်လာသော ပြဿနာမျိုးစုံတို့ကို ပြည်တွင်းနှင့် နိုင်ငံတကာစီးပွားရေးနယ်ပယ်မှ ပုဂ္ဂိုလ်များ၊ နိုင်ငံရေးနယ်ပယ်မှ အာဏာရှိ အာဏာမဲ့ပုဂ္ဂိုလ်များ၊ ပညာရှင်အဖွဲ့အစည်းများ၊ လူမှုရေးနယ်ပယ်မှ လူမှုရေး၊ ဘာသာရေးခေါင်းဆောင်များ ဖြေရှင်းနိုင်ဖို့ ကြိုးစားနေကြပါသည်။ အားလုံးက အားလုံးကို အကြံပြု၊ အမြင်ချင်း ဖလှယ်နေကြပါသည်။ယနေ့ဖြစ်ပေါ်နေသောအီလက်ထရွန်နစ် နည်းပညာ တော်လှန်ရေးကြီးကလည်း ပိုမိုလွတ်လပ်ပွင့်လင်းပြီး ကမ္ဘာနှင့်အဝန်း လွှမ်းခြုံဆက်စပ်လာနေပါသည်။ရွေးချယ်စရာအဖြေနယ်ပယ်တို့လည်း ပိုမိုကျယ်ပြန့်လျက်ရှိပါသည်။ သို့ဖြစ်၍လည်း နိုင်ငံတကာ သုတေသနလုပ်ငန်းကြီးများ ပိုမိုကျယ်ပြန့် တိုးတက်လာနေပါသည်။ထို့ကြောင့် လူမှုသိပ္ပံမှာရော၊သဘာဝသိပ္ပံမှာပါ အရာရာတိုင်းသည် တည်ငြိမ်သောအနေအထားကိုသာ ရှေးရှုပြုပြင်စီရင်နေကြမြဲ ဖြစ်ပါသည်။ ကုန်လုပ်စွမ်းအားစုများဖွံ့ဖြိုးဝေဆာပြီး တည်ငြိမ်အေးချမ်းသော ဘဝနှင့် ကုန်ထုတ်စွမ်းအားစုများပျက်ပြုန်းပြီး ဆူပူမတည်ငြိမ်သောဘဝတို့၏ အားပြိုင်လွန်ဆွဲပွဲမှာ ပထမတိုးတက် ဖြစ်ပေါ်မှုကသာ သမိုင်း၏ ယာဉ်ရထား ပေါ်မှာရှိနေပါသည်။ ဒုတိယဆုတ်ယုတ်ကျဆင်းမှုကတော့ သမိုင်း၏ အမှိုက်ပုံးများ၊ ပြတိုက်များထဲမှာသာ သိမ်းဆည်းစွန့်ပစ်ခြင်းခံရတော့မည် ဖြစ်ပါသည်။

တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေးဦးတည်ကြိုးပမ်းလျက်ရှိသော မြန်မာနိုင်ငံအဖို့လည်း စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို ကျယ်ပြန့်စွာ လုပ်ကိုင်ဆောင်ရွက်သွားသင့်ပါသည်။ လိုအပ်သော အစီအမံများကို နိုင်ငံတော်က ရှေးရှုလုပ်ကိုင်ဆောင်ရွက်သွားရန် ဖြစ်ပါသည်။ သို့မှသာ အကျိုးအကြောင်းဆက်စပ်ဖြစ်ပေါ်လာသော စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးစသော ပြဿနာကြီးငယ်များကို ကြိုတင်သိမြင် ဆင်ခြင်တွက်ချက်နိုင်ပါမည်။ ပြဿနာအတိုင်းအတာ ပမာဏအလျောက် မှန်ကန်စွာ ဖြေရှင်းလွန်မြောက်ရေးအတွက် လိုအပ်ချက်များကို ဖော်ထုတ်ပေးသွားနိုင်မည် ဖြစ်ပါသည်။ အာရှတိုက်တွင် ဒုတိယကမ္ဘာစစ်အတွင်း ပြာပုံထဲမှ ကုန်းရုန်းထခဲ့ရသော ဂျပန်နိုင်ငံကို စံထားစရာဖြစ်ပါသည်။ဂျပန်နိုင်ငံသည် ၁၇နှစ်အတွင်း ၁၄ဆတိုးတက်လာခဲ့သည့် ကမ္ဘာ့အံ့ဖွယ် စီးပွားရေး (Miracle Economy)အောင်မြင်သော အာရှနိုင်ငံ ဖြစ်ပါသည်။ ကျွန်တော်တို့သည် ၁၉၉၉ခု နှစ်ဦးပိုင်းက ဈေးကွက် သုတေသနကုမ္ပဏီဖြစ်သော (MSR) တွင် ဂျပန်နိုင်ငံ ဖူဂျီသုတေသနဗိမာန်မှ ဘောဂဗေဒပါမောက္ခ ဆီနီချီနာကာယာမနှင့် စီးပွားရေး ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲတစ်ခုပြုလုပ်ခဲ့ပါသည်။ ထိုနှီးနှောဖလှယ်ပွဲတွင် မစ္စတာ နာကာယာမက “အရှေ့အာရှနိုင်ငံများတွင် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (Research & Development)များအတွက် ငွေကြေးသုံးစွဲမှု မရှိသလောက် ဖြစ်နေပါတယ်။ ဂျပန်နိုင်ငံမှာ သယံဇာတအရင်းအမြစ်တွေ ဘာမျှမရှိပါဘူး။ အတတ်ပညာ၊ နည်းပညာများကို ပြည်ပက တင်သွင်းယူရပါတယ်။ ဒါပေမယ့် အဲဒီအတတ်ပညာနည်းပညာအားလုံးကို ဂျပန်တွေက ပိုမိုတိုးတက်အောင် ဖန်တီးခဲ့ရပါတယ်။ ဒါကြောင့်မို့လည်း ဂျပန်ထုတ်ကုန်တွေ ကမ္ဘာကို လွှမ်းမိုးခဲ့ပါတယ်။ အဲ့ဒီလိုဖြစ်အောင် အရေးကြီးဆုံးကတော့ (Research & Development) ပဲ ဖြစ်ပါတယ်။ ဂျပန်နိုင်ငံဟာ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးမှာ (GDP)ရဲ့ သုံးရာခိုင်နှုန်းအထိ သုံးစွဲတယ်”ဟု ဆိုပါသည်။ ဂျပန်နိုင်ငံအဖို့ ယခုကဲ့သို့ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်နေသဖြင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုများကို အောင်မြင်စွာ ရေရှည်ထိန်းသိမ်းထားနိုင်ပါသည်။ ပေါ်ပေါက်လာသော စီးပွားရေး၊ နိုင်ငံရေး ပြဿနာကြီးငယ်များကိုလည်း မှန်ကန်စွာ ဖော်ထုတ်ဖြေရှင်းလာနိုင်ခဲ့ပါသည်။ ဂျပန်နိုင်ငံတွင် သုတေသနလုပ်ငန်းပေါင်း ၂၇၀၀၀ရှိသည်ဟု သိရှိရပါသည်။ ဂျပန်ငါးဦးတွင် တစ်ဦးက သုတေသီဖြစ်နေပါသည်။

သို့ပါ၍ ယနေ့ကာလကဲ့သို့ဈေးကွက်စီးပွားရေးနှင့် ပါတီစုံဒီမိုကရေစီစနစ်သို့ ဦးတည်ပြောင်းလဲနေသော မြန်မာနိုင်ငံအဖို့ ဝေဒနာအနည်းဆုံးလမ်းကို လျှောက်လှမ်းနိုင်ရေးအတွက် စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ယဉ်ကျေးမှုစသော နယ်ပယ်အသီးသီးတို့တွင် သုတေသနလုပ်ငန်းများကို ပိုမိုအလေးပေးလုပ်ကိုင်သင့်ပါကြောင်း အထူးတလည် တင်ပြလိုက်ရပါသည်။ ။

ဇန်နဝါရီ ၁၅ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း) အမက(၁)၏ ၂၀၀၃–၂၀၀၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်အား ကျောင်းအုပ်ဆရာကြီးဦးကျော်ဝင်းနှင့် ကျောင်းအကျိုးတော်ဆောင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (က–ပ)

မင်္ဂလာဒုံမြို့နယ် အမှတ်(၁၅) အခြေခံပညာမူလတန်း (လွန်)ကျောင်း၏ ၂၀၀၂/၂၀၀၃ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ၂၂ရက်ကကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေဖုန်းက သုံးနှစ်ဆက်တိုက် ပထမဆုရ မောင်ဝေယံဖြိုးအား ဆုချီးမြှင့်စဉ်။ (က–ပ)



ဒီဇင်ဘာ ၂၄ရက်က၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူတည်ဆောက်သည့် နဘူးအိုင်–နှပ်ချိုတောလမ်းပေါ်ရှိ ကျေးလက် ရေပြွန်တံတားတည်ဆောက်ပြီးစီးမှုကို ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်း သွားရောက်စစ်ဆေးပြီး အငယ်တန်း အင်ဂျင်နီယာ(၂) ဦးအောင်နိုင်ဝင်းက ရှင်းလင်းတင်ပြစဉ်။ (က–ပ)

မြန်မာ့အလင်း
နိုင်ငံတကာသတင်းများ

တာဂျီမြို့ ပြင်၌ ဗုံးပေါက်ကွဲ၍ ကန်တပ်ဖွဲ့ဝင်ငါးဦး သေဆုံး အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲခြင်းဖြစ်ပြီး ပြင်းထန်လွန်း

ဘဂ္ဂဒက် ဇန်နဝါရီ ၁၇

အီရတ်နိုင်ငံ၌ ယမန်နေ့နံနက် စောစောပိုင်းက ပြင်းထန်သော လမ်းဘေးဗုံးပေါက်ကွဲခြင်းကြောင့် အမေရိကန်အမှတ် (၄)ခြေလျင်တပ်ရင်းမှ အမေရိကန်တပ်ဖွဲ့ဝင် အနည်းဆုံး ငါးဦးသေဆုံးသွားကြောင်း သိရသည်။

ဇန်နဝါရီ ၁၇ ရက်က ဘဂ္ဂဒက်မြို့အနီး တာဂျီမြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားရာနေရာ၌ ချိုင့်ကျင်းကြီးဖြစ်သွားပြီး ပျက်စီးသွားသော အမေရိကန် စစ်ယာဉ်အပိုင်းအစများကို အီရတ်တို့ ကြည့်ရှုနေစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အမေရိကန်တို့၏ ဘရက်ဒ်လီ သံချပ်ကာယာဉ်သည် တီကရစ်မြို့မှ ဘဂ္ဂဒက်မြို့သို့ မောင်းနှင်သွားစဉ် ဘဂ္ဂဒက် မြို့ မြောက်ဘက် ကီလိုမီတာ ၃၀မှ၄၀ ခန့် ကွာဝေးသော တာဂျီမြို့ ပြင်ဘက်၌လမ်းဘေးဗုံးထိမှန်ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း၊ အဝေးထိန်း စနစ်နှင့် ဖောက်ခွဲလိုက်ခြင်းဖြစ်ပြီး အရှိန်ပြင်းထန်ခြင်းကြောင့် သံချပ်ကာအမိုးပွင့်ထွက်ပေါက်ကွဲသွားကာ ၎င်းယာဉ်ပေါ်လိုက်လာသူ အမေရိကန်တပ်ဖွဲ့ဝင် ငါးဦးသေဆုံးသွားပြီး အုပ်ချုပ်သူအရာရှိနှင့် ယာဉ်မောင်းဖြစ်သူတို့ အသက်ရှင် လွတ်မြောက်သွားကြောင်း သိရသည်။

ယခုကဲ့သို့ တိုက်ခိုက် ခံရခြင်းသည် အီရတ်စစ်ပွဲ စတင်ဖြစ်ပွားခဲ့ပြီးကတည်းက အမေရိကန်တပ်ဖွဲ့ဝင်အများအပြား ဆုံးရှုံးရသော တိုက်ခိုက်ခံရမှုတစ်ရပ် ဖြစ်သည်။

၅၀၀ ကျော်

ယခုအခါ လွန်ခဲ့သည့်နှစ်မတ်လမှ စတင်ပြီး သေဆုံးသူ အမေရိကန် တပ်ဖွဲ့ဝင် ၅၀၀ ကျော် ရှိသွားပြီဖြစ်ကြောင်း သိရသည်။ အခင်းဖြစ်ပွားသည့်နေရာအနီး၌ ဖောက်ခွဲရေးပစ္စည်းများ သို့မဟုတ် လမ်းဘေးဗုံးများ တင်ဆောင်ထားသည့် အဖြူရောင် ထရပ်ကားတစ်စီး ရှိနေခဲ့ကြောင်း အမေရိကန်တပ်ဖွဲ့ဝင်များက ပြောကြားခဲ့ပြီး ၎င်းထရပ်ကားကို လိုက်လံ ရှာဖွေလျက် ရှိကြောင်း သိရသည်။ **(စီအင်န်အင်န်)**

မာတင်လူသာကင်းအုတ်ဂူ၌ ပန်းခွေချသောဘုရှ် ဆန္ဒပြသူများ၏ လှောင်ပြောင်သရော်ခြင်းခံရ

အတ္တလန္တာ ဇန်နဝါရီ ၁၇

အမေရိကန်သမ္မတ ဂျော့ဒဗလျူ ဘုရှ် ကြာသပတေးနေ့၌ မာတင်လူသာကင်း အုတ်ဂူတွင် ပန်းခွေချစဉ် ဆန္ဒပြသူအများအပြားက သမ္မတဘုရှ်အား လှောင်ပြောင်သရော်ခဲ့ကြသည်။

အော်ဟစ်

ကင်း၏အုတ်ဂူမှ လမ်းတစ်ဖက်တွင် ချထားသော အတားအဆီးများနောက်ဘက်မှနေ၍ ဆန္ဒပြသူများက ဘုရှ်အိမ်ပြန်သွား၊ ငြိမ်းချမ်းရေးကို လုပ်ပါ၊ စစ်ပွဲမဆင်နွှဲပါနှင့် ဟူ၍ အော်ဟစ်ခဲ့ကြသည်။

ဘုရှ်သည် ကင်း၏ဇနီး ကိုရက်တာ စကော့ကင်းနှင့် ညီမဖြစ်သူ ခရစ္စတင်းကင်းဖားရစ်တို့လိုက်ပါလျက် ပန်းခွေချခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

ဂြိုဟ်တု ၁၀ စင်းလွှတ်တင်ရန် တရုတ်နိုင်ငံစီစဉ်နေ

ဘေဂျင်း ဇန်နဝါရီ ၁၇

၂၀၀၄ ခုနှစ်အတွင်း အာကာသလေ့လာရေးဂြိုဟ်တု ၁၀ စင်းကို ထပ်မံလွှတ်တင်ရန် စီစဉ်နေကြောင်း တရုတ်နိုင်ငံလေကြောင်း အာကာသ နည်းပညာကော်ပိုရေးရှင်းက ယမန်နေ့က ပြောကြားခဲ့သည်။ ဂြိုဟ်တုအများစုကို တည်ဆောက်နေဆဲဖြစ်ကြောင်းနှင့် ၎င်းတို့ကို ဂျူချွမ်၊ရှီချန်နှင့် ထိုင်ဂျွမ် ဂြိုဟ်တုလွှတ်တင်ရေးဗဟိုဌာနတို့မှ လွှတ်တင်မည်ဖြစ်သည်။ ပရုပ်အမှတ်–၂ဟု အမည်ရသော ဂြိုဟ်တုကို ကမ္ဘာပတ်လမ်းအတွင်းရှိနေသည့် ပရုပ်အမှတ် –၁ဂြိုဟ်တုနှင့်ချိတ်ဆက်နိုင်ရန် လွှတ်တင်မည်ဖြစ်ပြီး ယင်းဂြိုဟ်တုနှစ်ခုစလုံးသည် တရုတ်–ဥရောပ အာကာသအေဂျင်စီ၏ ပူးတွဲစီမံကိန်း “ကြယ်စင်နှစ်ထပ်”၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ အခြားဂြိုဟ်တုများကိုလည်း မိုးလေဝသဆိုင်ရာဖြစ်စဉ်များ လေ့လာရန်အတွက် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။ **(စီစီတီဗွီ)**

အီရတ်နိုင်ငံ၏ ရေနံထုတ်လုပ်နိုင်မှုအခြေအနေ လုံခြုံရေးပြဿနာဖြေရှင်းနိုင်ခြင်းမရှိလျှင် ပုံမှန်အဆင့်ကို ပြန်မရနိုင်

မက်ဒရစ် ဇန်နဝါရီ ၁၇

နိုင်ငံတကာအသိအမှတ်ပြု အစိုးရအဖွဲ့က လုံခြုံရေးပြဿနာကို ဖြေရှင်းခြင်းမရှိလျှင် အီရတ်နိုင်ငံသည် ယင်း၏ ပုံမှန်ရေနံစိမ်းထုတ်သည့်အဆင့်ကို ရနိုင်စွမ်းရှိမည်မဟုတ်ကြောင်း နိုင်ငံတကာဆိုင်ရာ စွမ်းအင်အေဂျင်စီ၏ အမှုဆောင်ညွှန်ကြားရေးမှူး ကလော်ဒီမန်ဒီလ်က ပြောကြားလိုက်သည်။

အီရတ်၏ တရားဝင်အစိုးရအဖွဲ့က လုံခြုံရေးအခြေအနေကို အာမခံပြီး တရားဥပဒေစိုးမိုးရေးကိုပြန်လည် စတင်မဆောင်ရွက်မချင်း အီရတ်ရေနံအခန်းကဏ္ဍက တောင်းဆိုသည့် ရင်းနှီးမြှုပ်နှံမှုများသည် ပြန်လည်ရရှိမည်မဟုတ်ကြောင်း မန်ဒီလ်က ပြောဆိုသည်။

ဖရိုဖရဲဖြစ်

အီရတ်နိုင်ငံသည် ကမ္ဘာတွင် အရေးအကြီးဆုံး ရေနံထုတ်လုပ်သည့်နိုင်ငံတစ်နိုင်ငံဖြစ်သည်ဆိုသော်လည်း အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိသျှတပ်များ သိမ်းပိုက်ပြီးနောက်ပိုင်း အီရတ်လူမှုအသိုင်းအဝိုင်းသည် ဖရိုဖရဲဖြစ်ခဲ့ရပြီး အကြမ်းဖက်မှုများ၏ ဖိစီးခြင်းခံခဲ့ရသည်။ လက်ရှိ အီရတ်ရေနံထုတ်လုပ်မှုသည် တစ်နေ့လျှင်စည် ၁ ဒသမ ၅သန်း ရှိသော်လည်း စစ်မဖြစ်မီက ထုတ်လုပ်မှုပမာဏမှာ စည် ၂ဒသမ ၅ သန်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်တည်ဆောက်ရေး ကုလပိုမိုပါဝင်ရန် ဘာရိန်းနှင့် အိန္ဒိယနိုင်ငံတို့ တိုက်တွန်း

နယူးဒေလီ ဇန်နဝါရီ ၁၇

အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးတွင် ကုလသမဂ္ဂအနေဖြင့် ပိုမိုကြီးမားကျယ်ပြန့်သည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သင့်ကြောင်း ဘာရိန်းနှင့် အိန္ဒိယနိုင်ငံတို့၏ ယမန့်နေ့က ထုတ်ပြန်သော ပူးတွဲကြေညာချက်တွင် တိုက်တွန်းဖော်ပြထားသည်။

အီရတ်နိုင်ငံအုပ်ချုပ်ရေးကို အီရတ်ပြည်သူများလက်သို့ ပြန်လည်အပ်နှင်းရမည်ဖြစ်ကြောင်း ဘာရိန်းဝန်ကြီးချုပ်၏ အိန္ဒိယနိုင်ငံလေးရက်ကြာခရီးစဉ်အပြီး ထုတ်ပြန်သည့် ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးကို လေးစားရမည်ဖြစ်ကြောင်း အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးလမ်းပြမြေပုံကို အကောင်အထည်ဖော်ရန် အရေးတကြီးဆောင်ရွက်ဖို့ လိုအပ်ကြောင်း ဘာရိန်းနှင့် အိန္ဒိယနိုင်ငံတို့က တိုက်တွန်းလိုက်သည်။

ထွန်းသစ်စ ကမ္ဘာ့ပုံစံမှာ တရားမျှတရမည်ဖြစ်ပြီး အဆိုပါပုံစံကို ဒီမိုကရေစီ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးကို လေးစားမှု၊ တစ်နိုင်ငံ၏ ပြည်တွင်းရေးတွင် အခြားတစ်နိုင်ငံက ဝင်ရောက်စွက်ဖက်မှု မပြုရေး၊ ပဋိပက္ခများကို ငြိမ်းချမ်းစွာ ဖြေရှင်းရေးမှုများအပေါ် အခြေခံရမည်ဟု မိမိတို့နှစ်နိုင်ငံစလုံးက ခံယူကြောင်း ထုတ်ဖော်ကြေညာသည်။

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့အပေါ် ယုံကြည်ကြောင်း နှစ်နိုင်ငံစလုံးက ထပ်မံအတည်ပြုလိုက်ပြီးနောက် အာရပ်နယ်မြေများအား အစ္စရေးက သိမ်းပိုက်ထားမှု အဆုံးသတ်ရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်များနှင့်အညီ ပါလက်စတိုင်းနိုင်ငံ အမြန်ထူထောင်ရန်တောင်းဆိုလိုက်သည်။ (အင်တာနက်)

ဂျော်ဂျီယာ ကာကွယ်ရေးဝန်ကြီးလိုက်ပါသည့်လေယာဉ် ဘဂ္ဂဒက်လေဆိပ်မှ ပျံအတက် ပစ်ခတ်ခြင်းခံရ

တီဘလီဆီ ဇန်နဝါရီ ၁၇

ဂျော်ဂျီယာနိုင်ငံကာကွယ်ရေးဝန်ကြီး ဒေးဗစ်တဗ်ဇာဇီသည် အီရတ်နိုင်ငံသို့ တစ်ရက်တာ လာရောက်လည်ပတ်ခဲ့သည်။ အပြန်ခရီးတွင် ၎င်းလိုက်ပါလာသော လေယာဉ်ကို ဘဂ္ဂဒက်လေဆိပ်မှ ပျံအတက်၌ ပစ်ခတ်ခံခဲ့ရသည်ဟု ဆိုင်ရာအရာရှိများက ဆိုသည်။

ထိုခရီးစဉ်တွင် ဂျော်ဂျီယာအမျိုးသား ကာကွယ်ရေးအဖွဲ့အကြီးအကဲ ကိုဘာတိုဘာလ်လာဇီလည်း အတူလိုက်ပါလာသည်။ ညွှန့်ပေါင်းတပ်ဖွဲ့ ရဟတ်ယာဉ်များက ပစ်ခတ်ခဲ့သော သူများကို တုံ့ပြန်ပစ်ခတ်ခဲ့ကြောင်း ကိုဘာလ်လာဇီက တီဘလီဆီမြို့သို့ အရောက်တွင် သတင်းထောက်များကို ရှင်းပြခဲ့သည်။ အခင်းဖြစ်ပွားနေစဉ်အချိန်က ၎င်းမှာ အိပ်ပျော်နေသောကြောင့် ထူးထူးခြားခြား သတိမပြုမိပါဟု ဆိုသည်။

ကာကွယ်ရေးဝန်ကြီး တဗ်ဇာဇီသည် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များနှင့်အတူ တာဝန်ထမ်းဆောင်နေသော အီရတ်ရောက် ဂျော်ဂျီယာတပ်ဖွဲ့ဝင်များကို စစ်ဆေးရန် အီရတ်သို့ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။

အီရတ်၌ ဂျော်ဂျီယာလက်ရွေးစင် တပ်ဖွဲ့ဝင်များ၊ ဆရာဝန်များနှင့် မိုင်းရှင်း ကျွမ်းကျင်သူများ ၇၀ ရှိသည်။ အဆိုပါ တပ်ဖွဲ့ဝင်များကို တပ်ဖွဲ့ဝင် ၂၀၀ နှင့် ဖေဖော်ဝါရီလ၌ အစားထိုးရန် အစီအစဉ်ရှိသည်။ **(အင်တာနက်)**

ဇန်နဝါရီ ၁၇ ရက်က တီကရစ်မြို့တွင် ဆန္ဒပြမှုများ ဖြစ်ပွားလျက်ရှိရာ ဆန္ဒပြသူ အီရတ်အချို့ကို အမေရိကန် တပ်ဖွဲ့ဝင်များက ဖမ်းဆီးနေစဉ်။(ဓာတ်ပုံ–အင်တာနက်)

အမေရိကန်တပ်ဖွဲ့ ဗုံးစနက်တံဖြုတ်စဉ် ပေါက်ကွဲမှုဖြစ်၍ အီရတ်ကလေးတစ်ဦးသေ၊ ငါးဦးဒဏ်ရာရ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၆

အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ရဲအဖွဲ့ဝင်များသည် ဘဂ္ဂဒက်မြို့ လူစည်ကားရာလမ်းတစ်လမ်းတွင် ဗုံးစနက်တံကို သောကြာနေ့က ဖြုတ်ရန်ကြိုးပမ်းစဉ် ဗုံးပေါက်ကွဲသွားသဖြင့် ၁၅နှစ်အရွယ် ကလေးတစ်ဦးသေဆုံးပြီး လူငါးဦးဒဏ်ရာရသွားကြောင်း ရဲနှင့်ဆေးဝန်ထမ်းများက ပြောဆိုကြသည်။

ဟေဖာလမ်းပေါ်၌ အမှိုက်အိတ်အတွင်း ဝှက်ထားသော ဗုံးတစ်လုံးကို လူများရှာတွေ့ချိန်၌ ဟေဒါခိုဒါယာ ၁၅နှစ်သည် သူငယ်ချင်းများနှင့် ဘောလုံးကစားနေခဲ့ကြောင်း တပ်ကြပ် မိုဟီနေမီက ပြောဆိုသည်။

လူများသည် ဗုံးအနီး၌ ရှိနေခဲ့ကြပြီး ထွက်မသွားကြကြောင်း၊ ဗုံးအပေါ်၌ တစ်စုံတစ်ခုကို အမေရိကန်တပ်ဖွဲ့ဝင်များက အုပ်လိုက်ပြီး ဗုံးအနားက ခွာလိုက်ချိန်တွင် တစ်ဦးတစ်ယောက်က အဝေးထိန်းခလုတ်ဖြင့် ဗုံးကို ဖောက်ခွဲလိုက်ကြောင်း တပ်ကြပ်နေမီက ပြောဆိုသည်။

ခိုဒါယာသည် သူဘောလုံးကစားရာနေရာမှနေ၍ တပ်ဖွဲ့ဝင်များကို ကြည့်နေချိန် ဗုံးပေါက်ကွဲပြီး သူ့အား ထိမှန်သေဆုံးခဲ့ကြောင်း တပ်ကြပ်နေမီက ပြောဆိုသည်။

ဗုံးပေါက်ကွဲမှုကြောင့် လူငါးဦး ဒဏ်ရာရရှိခဲ့ရာ နှစ်ဦးမှာဒဏ်ရာ ပြင်းထန်သည်ဟုဆိုသည်။

(အင်တာနက်)

ဆန့်ကျင်ဆန္ဒပြ

ဇန်နဝါရီ ၁၇ ရက်က ဘဂ္ဂဒက်မြို့၌ အီရတ်ပြည်သူများ အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြလျက်ရှိသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဇန်နဝါရီ ၁၇ ရက်က အမေရိကန်စစ်ဌာနချုပ်ရှေ့၌ အီရတ်မိသားစုဝင်များ အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေသည်ကို အီရတ်ကလေးငယ်များက စောင့်ကြည့်နေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အမေရိကန်အပေါင်းပါအဖွဲ့နှင့် အီရတ်အုပ်ချုပ်မှုကောင်စီ အီရတ်ဆိုင်ရာကုလအစည်းအဝေးသို့ ကိုယ်စားလှယ်အဖွဲ့များစေလွှတ်

ကုလသမဂ္ဂ ဇန်နဝါရီ ၁၆

အီရတ်နိုင်ငံ၏ စစ်ပြီးကာလတွင် ကုလသမဂ္ဂအခန်းကဏ္ဍကို ဆွေးနွေးရန်အတွက် အတွင်းရေးမှူးချုပ်ကိုဖီအာနန်ခေါ်ယူထားသည့် အစည်းအဝေးသို့ အထူးအာဏာရကိုယ်စားလှယ်အဖွဲ့များကို အမေရိကန်ဦးဆောင်သော အပေါင်းပါအဖွဲ့နှင့် အီရတ်အုပ်ချုပ်မှုကောင်စီတို့က စေလွှတ်ထားကြောင်း သိရသည်။

အပေါင်းအပါကိုယ်စားလှယ် အဖွဲ့ကို အီရတ်ရှိ အမေရိကန် အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာနှင့် သူ၏ ဗြိတိသျှလက်ထောက်အရာရှိ ဂျီရီမီဂရင်းစတော့တို့က ဦးဆောင်မည်ဖြစ်ပြီး အီရတ်အုပ်ချုပ်မှု ကောင်စီကိုယ်စားလှယ်အဖွဲ့တွင် လက်ရှိဥက္ကဋ္ဌ အက်ဒ်နန်ပါချာချီနှင့် အဖွဲ့ဝင်များအဖြစ် အာမက်ချလာဘီ၊ အက်ဒယ်အဗ္ဗဒူမီဒီတို့ ပါဝင်မည်ဟု ဆိုသည်။

အန္တရာယ်ရှိမြဲ

ကုလသမဂ္ဂအမှုထမ်းများ အီရတ်သို့ပြန်သွားရေးကိစ္စတွင် အီရတ်နိုင်ငံ၏ အခြေအနေမှာ အလွန် အန္တရာယ်ရှိမြဲဖြစ်ကြောင်း အတွင်းရေးမှူးချုပ်က ထပ်ခါတလဲ ပြောဆိုခဲ့သည်။

အတွင်းရေးမှူးချုပ်က အကယ်၍ ကုလသမဂ္ဂသည် ပို၍အရေးပါသော အခန်းကဏ္ဍရရှိလျှင် အီရတ်သို့ အမှုထမ်းများ ပြန်လွှတ်ရေးကို ငြင်းပယ်မည် မဟုတ်သော်လည်း ကုလသမဂ္ဂ၏အခန်းကဏ္ဍကို ပို၍ ရှင်းလင်းပြတ်သားမှု ဖြစ်စေရန် တောင်းဆိုထားသည်။

(အင်တာနက်)

တီကရစ်အနီးမိုင်းပေါက်ကွဲ အီရတ်သုံးဦးသေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၁၇

တီကရစ်မြို့အနီး၌ တင့်ကားဖျက်မိုင်းတစ်လုံး ပေါက်ကွဲမှုကြောင့် အီရတ်သုံးဦးသေဆုံးပြီး အခြားနှစ်ဦးဒဏ်ရာရရှိသွားကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

တီကရစ်အနောက်ဘက်တွင် ည ၆ နာရီခွဲခန့်၌ ကားမိုင်းပေါက်ကွဲ ထိမှန်ခံရခြင်းဖြစ်ကြောင်း သတင်းထောက်များအား အမေရိကန်စစ်တပ်ကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်၌ စစ်ရေးအရပါဝင်ပတ်သက်မှုပြုမည်မဟုတ် ဂျာမနီဝန်ကြီးချုပ် ရှရိုးဒါး အေအာရ်ဒီရုပ်သံသို့ပြောကြား

ဘာလင် ဇန်နဝါရီ ၁၇

အီရတ်၌ ဒဏ်ရာရသူများအား သယ်ယူရန် ဂျာမနီစစ်လေယာဉ်များ အသုံးပြုခွင့်ပေးမည်ဆိုကာ လူသားချင်းစာနာထောက်ထားရေး အကူပေးမည်ဟူ၍ အီရတ်နှင့်ဆက်ဆံရေး တံခါးကိုဖွင့်ပေးလျက် အီရတ်သို့ ဂျာမနီက အကူအညီပေးရန် ခါးခါးသီးသီးငြင်းဆန်မှုကို ဝန်ကြီးချုပ် ရှရိုးဒါးက ယမန်နေ့က လေသံလျှော့လိုက်သည်။

ပတ်သက်မည်မဟုတ်

အရေးကြုံလာသောအခါ မိမိတို့ ဆုံးဖြတ်မည်ဖြစ်ကြောင်း၊ မိမိတို့သည် အီရတ်နိုင်ငံအတွင်း စစ်ရေးအရ ပါဝင်ပတ်သက်မည်မဟုတ်ဟူသော သဘောထားအတိုင်း ရပ်တည်လျက်ရှိကြောင်း ဂျာမနီဝန်ကြီးချုပ် ရှရိုးဒါးက အေအာရ်ဒီရုပ်မြင်သံကြားအစီအစဉ်သို့ ပြောကြားသည်။

(အင်တာနက်)

နက္ခတ်တာရာကြည့်မှန်ပြောင်း ပြင်ဆင်မည့်ခရီးစဉ် ဖျက်သိမ်း

ဝါရှင်တန် ဇန်နဝါရီ ၁၇

အာကာသအတွင်း လွှတ်တင်ထားသော နက္ခတ်တာရာကြည့်မှန်ပြောင်း ဟပ်ဘယ်လ်အားသွားရောက်ပြင်ဆင်မည့် လွန်းပြန်ခရီးစဉ်များအား နာဆာအဖွဲ့က ဖျက်သိမ်းကြောင်း သိရသည်။

ဟပ်ဘယ်လ်သည် ပြင်ဆင်မှု မရှိဘဲ လုပ်ငန်းဆောင်ရွက်နေခြင်း ဖြစ်ပြီး ၂၀၀၈ခုနှစ်တွင် လုပ်ငန်းလည်ပတ်နိုင်တော့မည်မဟုတ်ကြောင်းလည်း သိရသည်။ ဟပ်ဘယ်လ်သည် လူတို့တစ်ခါမျှ မတွေ့ဘူးသော အာကာသတွင်းရှိ ကြယ်စုများနှင့် အရာဝတ္ထုများကို ဓာတ်ပုံရိုက်ယူ ပေးပို့နိုင်ခဲ့ပြီး ၎င်းဓာတ်ပုံများကြောင့် စကြာဝဠာ၏ မူရင်းအစကို သိရှိစေနိုင်မည့် သဲလွန်စများကို သိပ္ပံပညာရှင်များ သိရှိစေခဲ့သည်။

(စီအင်န်အင်န်)

လူမျိုးစုအပေါ် နိုင်ငံရေးအာဏာအပိုင်း ကွဲပြားသွားလျှင် ပဋိပက္ခများဖြစ်လာမည်ကို ဆီးရီးယားနှင့်အီရန်စိုးရိမ်

အန်ကာရာ ဇန်နဝါရီ ၁၇

လူမျိုးစုအပေါ် အခြေခံပြီး အကယ်၍ နိုင်ငံရေးအာဏာအပိုင်း ကွဲပြားသွားလျှင် အီရတ်၌ သွေးထွက်သံယို ပဋိပက္ခဖြစ်ပွားလာနိုင်ကြောင်း တူရကီစစ်ဘက်ဆိုင်ရာက သောကြာနေ့တွင် သတိပေးလိုက်သည်။

ရေနံကြွယ်ဝသော အီရတ်နိုင်ငံ မြောက်ပိုင်းတွင် ကာ့ဒ်တို့က ကိုယ်ပိုင် အုပ်ချုပ်ခွင့် ပိုမိုရရေးတောင်းဆိုခြင်းနှင့်ပတ်သက်၍ တူရကီနိုင်ငံက စိုးရိမ်ပူပန်ခဲ့သည်။ တူရကီနှင့် အိမ်နီးချင်း ဆီးရီးယားနှင့် အီရန်နိုင်ငံတို့က နောက်ဆုံး၌ ကာ့ဒ်တို့ လွတ်လပ်ရေးတောင်းဆိုလာပြီး ၎င်းတို့၏ နယ်စပ်များ မတည်မငြိမ်ဖြစ်လာမည်ကို စိုးရိမ်ထိတ်လန့်ကြသည်။

အီရန်၊ ဆီးရီးယားနှင့် တူရကီ နိုင်ငံတို့အားလုံးတွင် အီရတ်နှင့် နယ်ချင်းထိစပ်နေသောဒေသများ၌ ကာ့ဒ်လူနည်းစုများရှိကြပြီး တူရကီအရှေ့တောင်ပိုင်းတွင် တူရကီ၊ ကာ့ဒ်တို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရေးအတွက် တိုက်ခိုက်နေကြသည်မှာ ၁၅နှစ်ကြာရှိ ပြီဖြစ်ရာ ၁၉၉၉ ခုနှစ်မတိုင်မီ၌ လူ၃၇၀၀၀ခန့် အသက်သေဆုံးခဲ့ကြသည်။

အီရတ်အုပ်ချုပ်ရေး ကောင်စီတွင် ပါရှိသော ကာ့ဒ်ခေါင်းဆောင်များသည် အီရတ်မြောက်ပိုင်း၌ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပိုမိုရရေးနှင့် လူမျိုးစုဒေသနှစ်ခုကို အခြေခံသော ပြည်ထောင်စုအီရတ်ထူထောင်ရေးကို တောင်းဆိုလျက်ရှိကြသည်။

(အင်တာနက်)

ဇန်နဝါရီ ၁၇ ရက်က ဘဂ္ဂဒက်မြို့မြောက်ဘက် တာဂျီမြို့တွင် ဗုံးပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားပြီးနောက် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်စစ်ကြိုကာလ ထောက်လှမ်းရေးသတင်းမှားယွင်းကြောင်း အမေရိကန် ဝါရင့်ဒီမိုကရက်အမတ်တစ်ဦး ပြောဆို

ဝါရှင်တန် ဇန်နဝါရီ ၁၇

အီရတ်၏ အဖျက်စွမ်းအားကြီးမားသော လက်နက်များနှင့်ပတ်သက်၍ စစ်ကြိုကာလက အမေရိကန်ထောက်လှမ်းရေး၏ အကဲဖြတ်ချက်များသည် မှားယွင်းကြောင်းနှင့် သမ္မတဂျော့ဒဗလျူဘုရှ် ပြောကြားသော ပြည်ထောင်စုအခြေပြမိန့်ခွန်းတွင် ခိုင်ခံ့မှုများကိုသာ ထည့်သွင်းပြောဆိုသင့်ကြောင်း အောက်လွှတ်တော် ထောက်လှမ်းရေးကော်မတီဆိုင်ရာ ဝါရင့်ဒီမိုကရက်အမတ်က သောကြာနေ့၌ ပြောကြားသည်။

ဘဂ္ဂဒက်၌ အစိုးရအဖွဲ့ပြောင်းလဲမှုကို ထောက်ခံရန် အကြောင်းပြချက်ကောင်းများရှိသော်လည်း အီရတ်ဆိုင်ရာ ပိုမိုကောင်းမွန်သော ထောက်လှမ်းရေးသည် သံတမန်ရေးနှင့် စစ်ရေးအရ အရေးယူရန်အတွက် နိုင်ငံတကာထောက်ခံမှုအတွက် အချိန်ပို ခွင့်ပြုနိုင်စရာရှိကြောင်း ကယ်လီဖိုးနီးယားကိုယ်စားလှယ် ဂျိန်းဟာမင်းက ပြောဆိုသည်။

ဓာတု၊ ဇီဝနှင့် နျူကလီးယားလက်နက်အစီအစဉ်များ၏ ခြိမ်းခြောက်မှုနှင့်ပတ်သက်၍ အီရတ်ကိုတိုက်သော စစ်ပွဲအား တရားမျှတမှုဖြစ်စေရန် ရီပတ်ဘလီကင်တို့ ပြောဆိုသည့် အဖျက်စွမ်းအားကြီးသော လက်နက်များဆိုင်ရာ အထောက်အထားများကို အီရတ်၌ ရှာဖွေမတွေ့သည့်အခါ ဒီမိုကရက်တို့သည် ရီပတ်ဘလီကင် အိမ်ဖြူကို ယခုနှစ်ရွေးကောက်ပွဲအတွက် စတင်ဝေဖန်ပြစ်တင်လာခဲ့ကြသည်။

သုံးသပ်

အကယ်၍ အမေရိကန်၏ အီရတ်လက်နက်များရှာဖွေရေးအကြီးအကဲဖြစ်သူ ဒေးဗစ် အီရတ်သို့ ပြန်မသွားလျှင် ပိတ်ပင်တားမြစ်ထားသော လက်နက်များရှာဖွေမှုကို မျှော်လင့်ချက်မရှိသည့် လက္ခဏာအဖြစ် ဝေဖန်သူများက ရှုမြင်သုံးသပ်ကြမည် ဖြစ်သည်။

ဒေးဗစ်ကေးက စီအိုင်အေညွှန်ကြားရေးမှူး ဂျော့ချ်တီနက်ကို အီရတ်သို့ ၎င်းပြန်မသွားလိုကြောင်း ပြောဆိုထားသည်ဟု အစိုးရသတင်းရပ်ကွက်တစ်ခုက ပြောဆိုခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

အီရတ်သို့ ပြင်သစ်တပ်ဖွဲ့များစေလွှတ်ရေး အစီအစဉ်မရှိကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ပြောဆို

ပါရီ ဇန်နဝါရီ ၁၇

အီရတ်တွင် နေတိုး၏အခန်းကဏ္ဍတိုးမြှင့်ရေးကိစ္စကို ဆွေးနွေးရန် အချိန်စောသေးကြောင်း ပြင်သစ်နိုင်ငံက သောကြာနေ့၌ ပြောကြားလိုက်သော်လည်း အမေရိကန်နှင့် ဆက်ဆံရေးဆွေးနွေးသည့် လက္ခဏာအဖြစ် အီရတ်၌ အချုပ်အခြာအာဏာပိုင်သော အစိုးရထူထောင်သည်နှင့် တပ်များလွှတ်ရေးကိစ္စကို တံခါးဖွင့်ထားကြောင်း ပြောဆိုလိုက်သည်။

အီရတ်တွင် ပိုမိုတောင့်တင်းခိုင်ခံ့သော မဟာမိတ်ပြုရေးကိစ္စကို ဆန့်ကျင်မည်မဟုတ်ကြောင်း လွန်ခဲ့သည့်နှစ်က ဆင်နွှဲခဲ့သည့် အမေရိကန်ဦးဆောင်သောစစ်ပွဲကို ဆန့်ကျင်ခဲ့သော ဂျာမနီက အရိပ်လက္ခဏာပြခဲ့ပြီးနောက်ပိုင်းတွင် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး၏ ဝေဖန်ချက်ပေါ်ထွက်လာခဲ့ခြင်း ဖြစ်သည်။

အစီအစဉ်မရှိ

အီရတ်၌ နေတိုးရှိမှုအနေအထားကို ပြင်သစ်က ထောက်ခံခြင်းရှိ မရှိ သတင်းထောက်များ၏မေးမြန်းချက်ကို ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက ဖြေကြားရာ၌ ယခုအချိန်သည် ယင်းကိစ္စကို ပြောဆိုရမည့် အချိန်မဟုတ်ကြောင်း ပြောဆိုသည်။ ပြင်သစ်နိုင်ငံအနေဖြင့် အီရတ်သို့ တပ်များလွှတ်ရေးကိစ္စကို ယခုမစီစဉ်ထားကြောင်း၊ သို့ရာတွင် အီရတ်၌ အစိုးရအဖွဲ့ ဖွဲ့ပြီးချိန်၌ ကျန်ကိစ္စကို အသေးစိတ်လေ့လာရန် မိမိတို့၌ အခွင့်အလမ်းရှိကြောင်း ပြောဆိုသည်။

မပြောင်းလဲ

ပြင်သစ်သမ္မတ ဂျက်ရှီရက်သည် လွန်ခဲ့သည့်စက်တင်ဘာလ၌ ပြင်သစ်တပ်များ စေလွှတ်မည့်အခြေအနေ တစ်စုံတစ်ရာ မိမိမတွေ့မြင်ကြောင်းပြောဆိုခဲ့ရာ ပြင်သစ်နိုင်ငံ၏ သဘောထားအပြောင်းအလဲမရှိကြောင်း ပြင်သစ်နိုင်ငံက ပြောဆိုသည်။ **(အင်တာနက်)**

အီရန်ပြည်တွင်းရေး အမေရိကန်စွက်ဖက်ဟုဆို

တီဟီရန် ဇန်နဝါရီ ၁၇

အီရန်နိုင်ငံ၏ အမျိုးသားလုံခြုံရေးကောင်စီဥက္ကဋ္ဌ ဟာဆန်ရိုဟာနီက အမေရိကန်တို့သည် အီရန်၏ပြည်တွင်းရေးမှာ ဝင်ရောက်စွက်ဖက်နေကြောင်း စွပ်စွဲပြောကြားခဲ့သည်။ ရိုဟာနီသည် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဒိုမိနစ်ဒီဗီလီပင်နှင့် ပါရီ၌တွေ့ဆုံခဲ့ပြီးနောက် ယခုလိုပြောကြားခဲ့ခြင်းဖြစ်သည်။ အမေရိကန်တို့သည် အီရန်၏အကျိုးစီးပွားအတွက် မည်သည့်အခါကမျှ စစ်မှန်စွာပြောဆိုခဲ့ဘူးခြင်းမရှိကြောင်း၊ ရိုဟာနီကစွပ်စွဲခဲ့ရာ အီရန်ရွေးကောက်ပွဲများနှင့် ပတ်သက်ပြီး အမေရိကန်တို့၏ရပ်တည်ချက်ကို ရည်ရွယ်ပြောကြားခြင်းဖြစ်သည်။ ၎င်းတွေ့ဆုံပွဲ၌ ပြင်သစ်နိုင်ငံအနေဖြင့် ဖေဖော်ဝါရီ ၂၀ရက်၌ ကျင်းပမည့် အီရန်ရွေးကောက်ပွဲရလဒ်များကို အနီးကပ် စောင့်ကြည့်လေ့လာလျက်ရှိကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။ **(စီအင်န်အင်န်)**

အီရတ်၌ဖမ်းဆီးထားသူများကို မတရားနှိပ်စက်သည်ဆိုမှု အမေရိကန်စစ်တပ် စတင်စုံစမ်းစစ်ဆေးနေပြီ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၇

အီရတ်တွင်ရှိသော အမေရိကန်ထိန်းသိမ်းရေးစခန်းတစ်ခု၌ ဖမ်းဆီးထိန်းသိမ်းထားသူများကို မတရားညှဉ်းပန်းနှိပ်စက်သည်ဆိုသော သတင်းများနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက သောကြာနေ့၌ ပြောကြားသည်။

ထိုမတရားညှဉ်းပန်းမှုဖြစ်ရပ်များနှင့်ဆိုင်သည့် သတင်းများကိုထုတ်ပြန်သည့်အတွက် စုံစမ်းစစ်ဆေးမှုသည် နှောင့်နှေးကြန့်ကြာသွားနိုင်သည်ဟု ဆိုသည်။ အမေရိကန်ပြည်ထောင်စုသည် လုံခြုံရေးအကြောင်းပြချက်ဖြင့် အီရတ်၌ လူ ၉၅၀၀ ခန့်ကို ဖမ်းဆီးထိန်းသိမ်း ထားလျက်ရှိကြောင်း သိရသည်။ ဖမ်းဆီးထိန်းသိမ်းခံထားရသူများ၏ ဆွေမျိုးသားချင်းများက အမေရိကန်စစ်တပ်သည် တရားမျှတခြင်းမရှိဘဲ ဖမ်းဆီးထိန်းသိမ်းထားကြောင်း စွပ်စွဲပြောဆိုခဲ့ကြသည်။

ဖိအားပေး

လူ့အခွင့်အရေးအုပ်စုများက အမေရိကန်စစ်တပ်အနေဖြင့် ဖမ်းဆီးထိန်းသိမ်းထားသူများကို ပို၍ ရိုးသားပွင့်လင်းစွာ ဆက်ဆံသွားရန် ဖိအားပေးထားသည်။ လွန်ခဲ့သည့်အပတ်၌ အမေရိကန်တပ်များသည် အီရတ်အကျဉ်းသား အများအပြားကို လွှတ်ပေးခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ဘဂ္ဂဒက်မှ ရှာဖွေတွေ့ရှိခဲ့သော ကျည်ဆန်များ ဓာတုပေဒများ ပါရှိကြောင်း မတွေ့ရ

စတော့ဟုမ်း ဇန်နဝါရီ ၁၅

အီရတ်တောင်ပိုင်း၌ ရှာဖွေတွေ့ရှိခဲ့သော စိန်ပြောင်းကျည်ဆန်များကို ကနဦးစမ်းသပ်စစ်ဆေးကြည့်ရာတွင် ဓာတုဗေဒပစ္စည်းများ မပါရှိကြောင်း ဒိန်းမတ်စစ်ဘက်ဆိုင်ရာ၏ ဗုဒ္ဓဟူးနေ့က သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမေရိကန်ဦးဆောင်သော အီရတ်စူးစမ်းလေ့လာရေးအုပ်စုမှ ကျွမ်းကျင်ပညာရှင်များသည် စိန်ပြောင်းကျည်ဆန်များကို ပဏာမစစ်ဆေးကြည့်ရာ၌ ဓာတုဗေဒပစ္စည်းများကို ရှာမတွေ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ထိုသို့ဆိုသော်လည်း ရှာဖွေတွေ့ရှိချက်များကို ထောက်ခံအတည်ပြုရာတွင် နောက်ထပ်စစ်ဆေးမှုများပြုလုပ်ရန်အတွက် အမေရိကန်ဓာတ်ခွဲခန်း တစ်ခုသို့ နမူနာများကိုပို့ပေးမည်ဖြစ်ရာ အဖြေကို သုံးရက်မှ ငါးရက်အတွင်း သိရမည်ဟု ဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဇန်နဝါရီ ၁၇ ရက်က အင်္ဂလိပ်ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပရာ မန်ချက်စတာယူနိုက်တက်အသင်းနှင့်ဝုလ်ဗ်အသင်းတို့ယှဉ်ပြိုင်ကစားစဉ်။ (ယင်းပွဲတွင် ဝုလ်ဗ်က တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။) (ဓာတ်ပုံ-အင်တာနက်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ဆက်ကပ်လှူဒါန်း

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မဟာဝိသုဒ္ဓါရုံ (ပါဠိတက္ကသိုလ်) ရွှေကျင်ကျောင်းတိုက် ကျောင်းတိုက်တည်(၄၅) နှစ်ပြည့် အထိမ်းအမှတ်ပူဇော်ပွဲ နှင့် စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲ မင်္ဂလာအခမ်းအနားတွင် ရွှေကျင်တွဲဖက်သာသနာပိုင် ဆရာတော် ဗဟန်းသီရိမင်္ဂလာ စံကျောင်း ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သာမဏေကျော်စာမေးပွဲ၌“သာမဏေကျော်ဘွဲ့” (ဒုတိယဂုဏ်ထူး) ပဲခူးမြို့ ပရိယတ္တိသဒ္ဓမ္မရက္ခိတသာမဏေကျော်စာမေးပွဲ၌ သာမဏေကျော်ဘွဲ့ (တတိယဂုဏ်ထူး)နှင့် တောင်ကြီးမြို့ ကမ္ဘောဇသာမဏေကျော်ဘွဲ့ရရှိအောင်မြင်သော “သာမဏေကျော်သုံးဘွဲ့ရ” ရှင်တိက္ခာလင်္ကာရတို့အား ဂုဏ်ပြုဘွဲ့လက်မှတ်နှင့် စာအောင်ဆုများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မဟာဝိသုဒ္ဓါရုံ (ပါဠိတက္ကသိုလ်) ရွှေကျင်ကျောင်းတိုက်မှ ပြန်လည် ထွက်ခွာသွားသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်း အစီအစဉ်ကို ကျင်းပရာ မန္တလေး မဟာဝိသုဒ္ဓါရုံတိုက် မင်္ဂလာဗိမာန် ဆရာတော်နှင့် ဂန့်ဂေါမြို့ ကန်တောရ ပရိယတ္တိစာသင်တိုက် ဆရာတော်တို့ ဂုဏ်ပြုရေးသားကြသော “ထုတိ ဝေဒလ္လဂါထာ”များကို မြင်းခြံမြို့ မဟာစည်သာသနာ့ရိပ်သာ ဆရာတော် ဘဒ္ဒန္တ ဣန္ဒောဘာသ အနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ယခုဂုဏ်ပြုပူဇော်ပွဲတွင် မဟာဝိသုဒ္ဓါရုံ (ပါဠိတက္ကသိုလ်)ရွှေကျင်ကျောင်းတိုက်မှ (၅၅)ကြိမ်မြောက် နိုင်ငံတော်အစိုးရ တိပိဋကဓရရွေးချယ်ရေးစာမေးပွဲကြီးတွင် အထူးအောင်ခြောက်ပါး၊အစိုးရဓမ္မာစရိယ(စာချတန်း) စာမေးပွဲ ကျမ်းရင်းသုံးကျမ်းအောင် ခြောက်ပါး၊ ပိဋကတ္တယ ပါရဂူဘွဲ့ရ တစ်ပါး၊ပထမကြီးတန်းအောင်နှစ်ပါး၊ ပထမလတ်တန်းအောင် ၁၂ပါး၊ ပထမငယ်တန်းအောင် ၁၄ပါး အောင်မြင်ကြပြီး အစိုးရနိကာယ်ငါးရပ် ပါဠိတော်စာမေးပွဲ အုပ်စု(၁) ဝိနည်းငါးကျမ်းအောင် “ဝိနယဝိဒူ” ဘွဲ့ရ သုံးပါး၊ “အင်္ဂုတ္တရနိကာယဝိဒူ” ဘွဲ့ရလေးပါး၊ အခြားသော ဗုဒ္ဓ သာသနာပြုအသင်း၊ ဌာနများမှ ကျင်းပသော စာမေးပွဲအသီးသီး၌ အောင်မြင်တော်မူကြသော သံဃာတော် ၉၆ ပါးတို့အား ဂုဏ်ပြုပူဇော်ခြင်းဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မဟာဝိသုဒ္ဓါရုံ(ပါဠိတက္ကသိုလ်) ရွှေကျင်ကျောင်းတိုက် စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ကြည့်ရှု၍ လှူဖွယ်ပစ္စည်းများလှူဒါန်း စာအောင်သံဃာတော်များအား ဂုဏ်ပြုဘွဲ့လက်မှတ်များနှင့် စာအောင်ဆုများဆက်ကပ်

ရန်ကုန် ဇန်နဝါရီ ၁၈

မဟာဝိသုဒ္ဓါရုံ(ပါဠိတက္ကသိုလ်) ရွှေကျင်ကျောင်းတိုက် ကျောင်းတိုက်တည် (၄၅)နှစ်ပြည့် အထိမ်းအမှတ်ပူဇော်ပွဲနှင့် စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နန္ဒဝန်လမ်းရှိ အဆိုပါကျောင်းတိုက် မနောရမ္မဏ္ဍာသယကျောင်း၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ကြည့်ရှု၍ ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းပြီး စာအောင်သံဃာတော်များအား ဂုဏ်ပြုဘွဲ့လက်မှတ်များနှင့် စာအောင်ဆုများ ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည့်ရှု

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယဆရာတော်များဖြစ်တော်မူကြသည့် တွဲဖက်ရွှေကျင် သာသနာပိုင် ဗဟန်းသီရိမင်္ဂလာ စံကျောင်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ရာဇိန္ဒာဘိဝံသနှင့် တွဲဖက်ရွှေကျင်သာသနာပိုင် ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဇောတိပါလ၊ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အဖွဲ့ဝင် ဆရာတော်များ၊ တိပိဋက သြဝါဒါစရိယ ဆရာတော်ကြီးများ၊ မဟာဝိသုဒ္ဓါရုံ (ပါဠိတက္ကသိုလ်) ရွှေကျင်ကျောင်းတိုက် ပဓာန နာယကဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အရှင်သီရိန္ဒာဘိဝံသ (ယောဆရာတော်)နှင့် နာယကဆရာတော်များ၊ စာချဆရာတော်များ၊ စာအောင်သံဃာတော်များ၊ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဝင်ဆရာတော်များ၊ ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကျောင်းတိုက် ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ မြို့နယ်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တပည့်ဒါယကာ ဒါယိကာမများ၊ အလှူရှင်များ တက်ရောက် ကြည့်ရှုကြသည်။

ရှေးဦးစွာ နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်ဂိုဏ်းကြီး၏ တွဲဖက်ရွှေကျင် သာသနာပိုင် ဗဟန်းသီရိမင်္ဂလာ စံကျောင်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ရာဇိန္ဒာဘိဝံသထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အမှူးပြုသော ဧည့်ပရိသတ်များက ရှစ်ပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အဂ္ဂဉာဏာဘိဝံသက ကျောင်းတိုက်တည်စာတမ်းကို ဖတ်ကြားလျှောက်ထားပြီး မဟာဝိသုဒ္ဓါရုံ (ပါဠိတက္ကသိုလ်) ရွှေကျင်တိုက်သစ် ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးမောင်တင် (အငြိမ်းစား)က ဝမ်းမြောက်ကြောင်း စကား လျှောက်ထားတင်ပြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေကျင်တွဲဖက်သာသနာပိုင် ဆရာတော် ဗဟန်းသီရိမင်္ဂလာ စံကျောင်းဆရာတော်ကြီးအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများသည် ရွှေကျင်တွဲဖက်သာသနာပိုင်ဆရာတော် ပဲခူးကြခတ်ဝိုင်း ဆရာတော်ကြီးနှင့်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ တိပိဋကသြဝါဒါစရိယ ဆရာတော်များ၊ မဟာဝိသုဒ္ဓါရုံ (ပါဠိတက္ကသိုလ်) ရွှေကျင်ကျောင်းတိုက် ဆရာတော်နှင့် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ၂၀၀၃ ခုနှစ် နိုင်ငံတော်အစိုးရ တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီးတွင် ဒီဃနိကာယ်သုံးကျမ်း အောင်မြင်တော်မူပြီး ဝိနယဓရ၊ ဝိနယကောဝိဒဘွဲ့၊ ဒီဃဘာဏကဘွဲ့နှင့် ဒွိပိဋကဓရ ဘွဲ့ရရှိတော်မူသော အရှင်ကုန္ဒကအား ဂုဏ်ပြုဘွဲ့လက်မှတ်နှင့် စာအောင်ဆုများကို ဆက်ကပ်လှူဒါန်းသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၃ ခုနှစ် နိုင်ငံတော်အစိုးရ တိပိဋကဓရရွေးချယ်ရေးစာမေးပွဲကြီးတွင် ဒီဃနိကာယ် သုံးကျမ်းအောင်မြင်တော်မူပြီး ဝိနယဓရ၊ ဝိနယကောဝိဒဘွဲ့၊ ဒီဃဘာဏကဘွဲ့နှင့် ဒွိပိဋကဓရဘွဲ့ရရှိတော်မူသော အရှင်ကုန္ဒကအား ဂုဏ်ပြုဘွဲ့လက်မှတ်နှင့် စာအောင်ဆုများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စာအောင်ဆုဆက်ကပ်

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဝန်ကြီးများက တိပိဋကဓရ စာမေးပွဲကြီး၌ ဝိနယဓရ၊ ဝိနယကောဝိဒဘွဲ့နှင့် သထုံမြို့ သုဝဏ္ဏဘုမ္မိပရိယတ္တိသာသနဟိတစာမေးပွဲ၌ ပိဋကတ္တယ ပါရဂူဘွဲ့ရ အရှင်သီရိကဥ္စန၊နိုင်ငံတော်အစိုးရ ပထမပြန်စာမေးပွဲ၌ ပထမလတ်တန်းတွင် တစ်နိုင်ငံလုံး ပထမဂုဏ်ထူးဆုရ ရှင်ဝိဇ္ဇာနန္ဒာ လင်္ကာရ၊ ပထမငယ်တန်းတွင် တစ်နိုင်ငံလုံး တတိယဂုဏ်ထူးဆုရ ရှင်ဇဝနာလင်္ကာရ၊ နိုင်ငံတော်အစိုးရ နိကာယ်စာမေးပွဲ၌ အင်္ဂုတ္တရနိကာယဝိဒူ တစ်နိုင်ငံလုံး ပထမဂုဏ်ထူးနှင့် သာမဏေကျော်ဘွဲ့ရ ရှင်ဇာနေယျာလင်္ကာရ၊ မန္တလေးမြို့ သကျသီဟ (ဝိနယဓရဝိနယကောဝိဒ)က ဖတ်ကြားတော်မူသည်။

ယင်းနောက် မဟာဝိသုဒ္ဓါရုံ (ပါဠိတက္ကသိုလ်) ရွှေကျင်တိုက် ကျောင်းတိုက်မှ တစ်နှစ်တာကာလအတွင်း စာမေးပွဲအသီးသီးအောင် သံဃာတော်များအား ကျောင်းတိုက်ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဂုဏ်ပြုဘွဲ့လက်မှတ်များနှင့် စာအောင်ဆုများ ဆက်ကပ်လှူဒါန်းသည်။

ရေစက်သွန်းချအမျှဝေ

ဆက်လက်၍ မဟာဝိသုဒ္ဓါရုံ (ပါဠိတက္ကသိုလ်)ရွှေကျင်ကျောင်းတိုက် ပဓာနနာယကဆရာတော်တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ (ယောဆရာတော်)က အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူပြီး ပရိသတ်များက ကောင်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်း

မြိတ်စာပေ အမှတ် ၁၉၀ ၃၁လမ်း ရန်ကုန်မြို့က ထုတ်ဝေဖြန့်ချိသော တြိစက္က၏ ကုမ္ဘီလရန်စွယ် စာအုပ်မျက်နှာဖုံး။ (က–ပ)

အထက(၁)မရမ်းကုန်း(သမိုင်းမြို့မကျောင်း)အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၈

အထက(၁) မရမ်းကုန်း (သမိုင်းမြို့မကျောင်း) ကျောင်းသားကျောင်းသူဟောင်းများ၏ နဝမအကြိမ်မြောက် သက်ကြီးအာစရိယပူဇော်ပွဲအခမ်းအနားကို အထက(၁) မရမ်းကုန်း စန္ဒိမာခန်းမတွင် ဖေဖော်ဝါရီ ၈ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ကျင်းပမည်ဖြစ်သည်။

အသက်(၆၀)ပြည့်ပြီး ကန်တော့ခံဆရာကြီး ဆရာမကြီးများစာရင်းတွင် မပါဝင်သေးသည့် ဆရာကြီး ဆရာမကြီးများ ဆက်သွယ်ကြရန်နှင့် အလှူငွေ၊ လှူဖွယ်ပစ္စည်းများ ပါဝင်လှူဒါန်းလိုသူများသည် ကျောင်းအုပ်ဆရာကြီး ဦးရှိန်းလိန်းအောင် ဖုန်း–၆၆၀၅၃၄၊ ဒေါ်ခင်လှ ဖုန်း–၆၆၇၄၄၃၊ ဗိုလ်မှူးမြင့်သိန်း ဖုန်း–၆၆၂၇၇၅၊ ဦးတင်ဝင်း ဖုန်း–၆၆၇၅၁၁၊ ဦးမြတ်ထွန်း ဖုန်း–၆၆၂၀၁၅၊ ဒေါ်ခင်မြ ဖုန်း–၆၅၁၅၈၉၊ ဒေါက်တာအောင်မြတ်သိန်း ဖုန်း–၆၅၁၅၂၆၊ ဦးမောင်မောင်သိန်း ဖုန်း– ၆၉၀၁၃၅၊ ဦးတင်မြင့် ဖုန်း–၆၆၆၈၄၃ နှင့် ဦးကြည်ဝင်း–ဒေါ်အေးအေးလှိုင် ဖုန်း–၆၆၆၇၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး အကြီးစားပြုပြင်မွမ်းမံနေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တိပိဋကရေရွေးချယ်ရေး ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ မော်လမြိုင်မြို့ သာသနာ့မာရ်အောင်ဝဲပုံ့စာသင်တိုက် ပဓာန နာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိဇယာဘိဝံသအမှူးပြုသည့် တိပိဋကရေ ရွေးချယ်ရေး ဩဝါဒါစရိယ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး ဝိဘင်္ဂပါဠိတော် (မြန်မာပြန်) စာအုပ်များနှင့် သင်္ကန်းများကို ဆက်ကပ်လှူဒါန်းသည်။

ပိဋကတ်စာအုပ်များလှူဒါန်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ အလှူရှင်များဖြစ်ကြသည့် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် မြကန်သာ (၂)လမ်းနေ World Peace IT Co.ဥက္ကဋ္ဌ ဦးမောင်မောင်လှိုင်-ဒေါ်ဝါဝါထွန်း၊ သမီးမဟေမာန်ထွန်းမိသားစုတို့က ငွေကျပ်သိန်း ၃၀တန်ဖိုးရှိ ဆဋ္ဌသင်္ဂါယနာတင် ပိဋကတ်တော် ခုဒ္ဒကနိကာယ်ဝင် အဘိဓမ္မာပိဋက ဝိဘင်္ဂပါဠိတော် (မြန်မာပြန်) ဒုတိယတွဲစာအုပ် အုပ်ရေ ၁၀၀၀ တို့ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အလှူရှင်များ လှူဒါန်းသည့် ဝိဘင်္ဂပါဠိတော် (မြန်မာပြန်) ဒုတိယတွဲစာအုပ်များကို သာသနာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ရာ ဝန်ကြီးဗိုလ်မှူးချုပ်သူရ မြင့်မောင်က လက်ခံယူသည်။

လိုဏ်ဂူတော်ကြီးပြုပြင်မှုကြည့်ရှု

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး အကြီးစားပြုပြင်မွမ်းမံနေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရန်ကုန်တိုင်း အင်ဂျင်နီယာမှူးကြီး ဦးညွန့်မောင်စန်းနှင့် တာဝန်ရှိသူများက လိုက်လံပြသ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားပြီး ညနေပိုင်းတွင် ကမ္ဘာအေးကုန်းမြေမှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

✡ ကျောဖုံးမှ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ လိုက်ပါလျက် ညနေ၃နာရီ၁၅မိနစ်တွင် "သမဝါယမထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော် ၂၀၀၄"ခင်းကျင်းပြသလျက်ရှိသည့် သမဝါယမကူးသန်းရောင်းဝယ်ရေးဗဟိုဌာန ဆရာစံပလာဇာသို့ ရောက်ရှိလာရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦး၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ပြခန်းများကြည့်ရှုအားပေး

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆရာစံပလာဇာ ပထမထပ်ရှိ ပြည်နယ်နှင့်တိုင်း သမဝါယမအသင်းများ၏ ဒေသထွက်ကုန်၊ လူသုံးကုန်၊ စားသောက်ကုန်ပစ္စည်းအရောင်းဆိုင်များ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ တိုင်းရင်းသားရိုးရာဝတ်စုံများ၊ လက်တွေ့ရက်လုပ်ပြသမှုပြခန်း၊ ရှမ်းပြည်နယ် သမဝါယမအသင်းများ ထုတ်လုပ်မှုပြခန်းရှိ ပဒုမ္မာကြာရိုးမှ ကြာချည်မျှင်ထုတ်လုပ်မှု၊ ယင်းကြာချည်မျှင်မှ ကြာသင်္ကန်းရက်လုပ်မှုလုပ်ငန်းနှင့် အင်းလေးဒေသ ဇင်းမယ်လုံချည် ရက်လုပ်မှုအဆင့်ဆင့်ပြခန်းတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဒုတိယထပ်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာနတို့၏ လူသုံးကုန်ပစ္စည်းအရောင်းပြခန်းများ၊ ပြည်နယ်နှင့်တိုင်း သမဝါယမအသင်းများနှင့် ပုဂ္ဂလိကကုန်ထုတ်လုပ်ငန်းများ၏ လူသုံး၊ အိမ်သုံးနှင့်ဆေးဝါးပစ္စည်းအရောင်းပြခန်းတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ပရိဘောဂပစ္စည်းများကြည့်ရှု

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပထမထပ်ရှိ မြန်မာ့လက်ဝတ်ရတနာ၊ အနုပညာပစ္စည်းအရောင်းဆိုင်များ၊ ပုဂ္ဂလိကနှင့် သမဝါယမအသင်းများက ထုတ်လုပ်သည့် အမှတ်တရပစ္စည်း အရောင်းဆိုင်များ၊ ကနုကမာကျောက်စီပန်းချီကားချပ်အရောင်းပြခန်းနှင့် လူသုံးကုန်အမျိုးမျိုး အရောင်းပြခန်းတို့ကိုလည်းကောင်း၊ ဆရာစံပလာဇာမြေညီထပ်ပြင်ပရှိ မြန်မာ့တီထွင်သူများ သမဝါယမအသင်း လီမိတက်၏ ဇီဝဓာတ်ငွေ့သုံးအင်ဂျင်စက်(Biomass Gas Engine)နှင့် စွန့်ပစ်ဇီဝပစ္စည်းများကို အပူပေး၍ ဓာတ်ငွေ့ထုတ်လုပ်ပြီး ဇီဝဓာတ်ငွေ့ စွမ်းအင်ဖြင့် အင်ဂျင်စက်လည်ပတ်ခြင်း ပြသနေမှုကိုလည်းကောင်း၊ ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ် သမဝါယမအသင်းများမှ ထုတ်လုပ်သည့် ရေထွက်ကုန်ပစ္စည်းများကိုလည်းကောင်း၊ ပြည်နယ်နှင့်တိုင်း သမဝါယမအသင်းများနှင့် ပုဂ္ဂလိကကုန်ထုတ်လုပ်ငန်းများက ထုတ်လုပ်သည့် သွင်းကုန်အစားထိုး လူသုံးကုန်ပစ္စည်းများ၊ စားသုံးကုန်ပစ္စည်းများ၊အဝတ်အထည်ပစ္စည်းများပြခန်းနှင့် ပရိဘောဂပစ္စည်းထုတ်လုပ်မှုပြခန်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှု အားပေးကြသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆရာစံပလာဇာဝင်းအတွင်း၌ ခင်းကျင်းပြသထားသည့် ကလေးမြို့ စက်မှုဇုန်၊ အေးသာယာ စက်မှုဇုန်၊မော်လမြိုင် စက်မှုဇုန်၊ တောင်ဒဂုံစက်မှုဇုန်(၃)၊ မုံရွာစက်မှုဇုန်၊ မန္တလေးစက်မှုဇုန်များ၊ သမဝါယမအသင်းများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက ထုတ်လုပ်သည့် မော်တော်ယာဉ်အမျိုးမျိုးနှင့် လျှပ်စစ်ဓာတ်အားပေးစက်တို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ရှင်းလင်းပြသ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြေညီထပ်၌ ခင်းကျင်းပြသထားသည့် ဧရာဝတီတိုင်း သမဝါယမအသင်း ထုတ်ကုန်ပစ္စည်းပြခန်းမှ ဆန်အရောင်းပြခန်း၊ အဏ္ဏဝါဒေဝီ ပင်လယ်ငါးဖမ်းကုန်ထုတ် အထွေထွေလုပ်ငန်း သမဝါယမအသင်း၏ အနီတောင်သန္တာကျောက်ငါး(Red Coral Grouper) မွေးမြူမှုပြခန်း၊ အရှေ့တိုင်းရိုးမ ကုမ္ပဏီလီမိတက်၏ ကမ္ဘာ့အံ့ဖွယ် ကျန်းမာရေးကုသစက်ပြခန်း၊ ပုဂ္ဂလိကစာအုပ်အရောင်းပြခန်းနှင့် ဆရာစံပလာဇာမျက်နှာစာ၌ ခင်းကျင်းပြသထားသော ဒဂုံဆိပ်ကမ်းစက်မှုဇုန်မှ ထုတ်လုပ်သည့် မော်တော်ယာဉ်များကို လှည့်လည်ကြည့်ရှုအားပေးရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ရက်တိုးမြှင့်ပြသ

အဆိုပါသမဝါယမ ထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်-၂၀၀၄ကို ပွဲတော်လာပြည်သူတို့၏ တောင်းဆိုမှုအရ ဇန်နဝါရီ ၂၀ ရက်နှင့် ၂၁ ရက် နှစ်ရက်တိုးမြှင့်ကာ နေ့စဉ်နံနက် ၉ နာရီမှ ည ၉ နာရီအထိ ဆက်လက်ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိအင်းလျားကန်သန့်ရှင်းသာယာရေး ဆောင်ရွက်မှုလုပ်ငန်းခွင်သို့ရောက်ရှိလာရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရာဖြတ်ဌာန ဌာနမှူး ဒေါက်တာဦးထွန်းသန်းထွန်း၊ ရေနှင့် သန့်ရှင်းမှုဌာန ဒုတိယဌာနမှူး ဦးစိန်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အင်းလျားကန်သန့်ရှင်းသာယာရေးအတွက် ဆောင်ရွက်လျက်ရှိသည့် ကန်ရေပြင်ရေတိမ်ပိုင်းရှိ သဲ၊ နုန်းများအား စက်ယန္တရားဖြင့် တူးဖော်ဆယ်ယူနေမှု၊ ကန်ရေပြင်ရှိ မှော်၊ ဒိုက်၊ ပကန်နှင့် ဗေဒါများဆယ်ယူမှု၊ အင်းလျားကန်ပေါင်နှင့် လူသွားစင်္ကြံ ပြုပြင်မွမ်းမံမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အင်းလျားကန်၏ သဘာဝအခြေအနေများ ရေရှည်တည်တံ့ရေး၊ သန့်ရှင်းသာယာရေးအတွက် စနစ်တကျ ထိန်းသိမ်းကြရေး မှာကြားပြီး ညနေ ၅ နာရီခွဲတွင် ပြန်လည်ထွက်ခွာသွားသည်။**(သတင်းစဉ်)**

သစ်တောဝန်ကြီးစံပြစိုက်ခင်းကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၈

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်သည် ယမန်နေ့ နံနက်ပိုင်းက ဒီမောဆိုမြို့နယ် နန်းဟူးတွေကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာသောက်သုံးရေကန် ဖွင့်ပွဲသို့ တက်ရောက်ရာ ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ဆွေ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ဝန်ကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် ဒီမောဆိုမြို့နယ် မြလဲကျေးရွာအုပ်စု လွိုင်နန်းဖကျေးရွာရှိ အလယ်တန်းကျောင်းခန်းမ၌ လောဘောခို၊လောခါသာ၊စီစန်းခို၊ ထေးဂေခို၊ လွိုင်နန်းဖ၊ဆိုလဖီခို၊ ထီးဆော်ဒေါကျေးရွာများမှ ရွာသူရွာသားများအား တွေ့ဆုံ၍ အမှာစကားပြောကြားကာ ကျေးရွာကျောင်းနှင့် ကျေးရွာလူထုအတွက် ဗလာစာအုပ်များ၊ အဝတ်အထည်များပေးအပ်လှူဒါန်းသည်။

ထို့နောက် လွိုင်ကော်-အောင်ပန်းကားလမ်းဘေးရှိ စံပြကျွန်းစိုက်ခင်း (၂၀၀၃/၂၀၀၄) သို့ ရောက်ရှိရာ သစ်တောဦးစီးဌာန ပြည်နယ် ညွှန်ကြားရေးမှူးက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြသ ပြီး ဝန်ကြီးက စိုက်ပျိုးသစ်ပင်များ ရှင်သန်စေရေးမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ ICT ရက်သတ္တပတ်
၂၀၀၄ ခုနှစ်
(၂၁-၁-၂၀၀၄)ရက်မှ (၂၄-၁-၂၀၀၄)ရက်ထိ
MICT Park ၊ ရန်ကုန်မြို့